မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းထောင်သည်။
Established 1914

၁၃ဝ၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ သြဂုတ် ၁၄ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ် (၃၁၃)

ရန်ကုန်မြို့ မိုင် ၃ဝ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် သြဂုတ် ၁၃

ရန်ကုန်မြို့ မိုင် ၃ဝ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီ ၄/၂၀၀၉ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို သြဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်း ခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့ပတ်လမ်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက *စာမျက်နှာ ၃ ကော်လံ ၁* ✻

မြိတ်မြို့သစ်၊ ကျွဲကူး - ကျောက်ဗျာတံတားနှင့် ကမ်းရိုးတန်းသို့ လေ့လာရေးခရီးတစ်ခေါက်

ဗြိတ်မြို့သစ် စီးပွားရေးစုန်တွင် အဆောက်အအုံ ဆောက်လုပ်နေမှုကို ဤသို့ တွေ့ခဲ့ရသည်။ ဓာတ်ပုံမှတ်တမ်း - သန်းဦး(သတင်းစဉ်)

သတင်းဆောင်းပါး - တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - သန်းဦး(သတင်းစဉ်)
စာမျက်နှာပွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

ရန်ကုန် သြဂုတ် ၁၃

"လှလိုက်တဲ့ တနင်္သာရီ ×××××လှလိုက်တဲ့ တနင်္သာရီ ×××××လှလိုက်တဲ့ တနင်္သာရီ ×××××" နံနက်ပိုင်း MRTV-3 က ထုတ်လွှင့်ပြသသည့် အဆိုတော်နီနီဝင်းရွှေ၏ သီချင်းနှင့်အတူ နောက်ခံပြသသော တနင်္သာရီတိုင်းမှ ကမ်းခြေ၊ ပင်လယ်နှင့် ရွှေမျှော်ခင်းများကိုကြည့်ရင်း ကြောသေးဗီရက်ပိုင်း အတွင်းက ဗြိတ်မြို့သို့ သွားရောက်ဖြစ်ခဲ့သည့် ခရီးစဉ်ကို ပြန်လည်သတိရလာမိသည်။

အမှတ်ရနေဆဲ

တနင်္သာရီတိုင်း ဗြိတ်မြို့၌ ငါးညအိပ်၊ ခြောက်ရက် နေထိုင်ခဲ့ရသောရက်များအတွင်း ရေသွန်ချနေသလို မရပ်မနား သဲသဲမဲမဲ ရွာသွန်းလေ့ရှိသော ကမ်းရိုးတန်းမိုးကို အမှတ်ရနေဆဲပင်။

ရောက်ရှိ

ဇူလိုင် စရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဗြိတ်မြို့သို့ နံနက် ၉ နာရီတွင် ရောက်ရှိသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ●

မိုးထစ်ချုန်း ရှာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးထစ်ချုန်း မိုးရွာမည်။ ရွာရန်ရာနှုန်း ၈ဝ ဖြစ်သည်။

ရာသီမရွေး သွားလာနိုင်တော့မည့် မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်း

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း တိုးတက်ကောင်းမွန်ရေး မိုင်တိုင် အမှတ် ၄ဝ/၂၂ အနီး မြစ်ကြီးနားခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းပြုပြင်ချဲ့ထွင်နေသည်ကို ဤသို့ တွေ့ခဲ့ရသည်။ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)

သတင်းခရီးသည် မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)
စာမျက်နှာပွဲ့စည်းမှု - လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

မြစ်ကြီးနား သြဂုတ် ၁၃

မြန်မာနိုင်ငံမြောက်ဖျား ကချင်ပြည်နယ်သည် သဘာဝတောတောင်များ ထူထပ်စွာတည်ရှိနေသော ပြည်နယ်တစ်ခုဖြစ်ပြီး သာယာလှပသည့် သဘာဝရှုမျှော်ခင်းများလည်း ပေါကြွယ်ဝရာ ဒေသတစ်ခုဖြစ်သည်။

တစ်ချိန်က ကချင်ပြည်နယ်ဒေသအချို့သည် နယ်မြေဒေသ အေးချမ်းမှုမရှိခြင်း၊ တောင်တန်းကြီးများ ကာဆီးနေခြင်း၊ မြစ်ချောင်းများ ခြားနေခြင်း စသော အတားအဆီးများကြောင့် တစ်နေရာမှ တစ်နေရာသို့ သွားလာရန် အခက်အခဲကြုံတွေ့ခဲ့ရသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ■

ဆောင်းပါး

နိုင်ငံတိုင်းမှာ ဥပဒေဆိုတာ ရှိနေရမှာဖြစ်ပြီး နိုင်ငံသားအားလုံးကလည်း အဲဒီတည်ဆဲ ဥပဒေနဲ့အညီ မှန်ကန်မျှတစွာ တရားစီရင်မှုကိုလေးစားလိုက်နာ ခံယူကြရမှာသာ ဖြစ်ပါတယ်။ ဥပဒေသည် နိုင်ငံသားအားလုံး အတွက် တစ်သမတ်တည်းသာ ရှိနေရမှာဖြစ်ပြီး အဖြူအမည်း၊ အစိမ်းအကျက်၊ ကျောသား ရင်သား ခွဲခြားလို့ မရနိုင်ပါဘူး။ ဒါဟာ အင်မတန်အရေးကြီးပါတယ်။

မန်းသာစိန်(ဖာပွန်)၏ ဆောင်းပါး ၈၁ - ၉

မြန်မာ့အသံ

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် သြဂုတ် ၁၄ ရက်)

အာဆီယံအသိုက်အဝန်း ရည်မှန်းချက် အောင်မြင်ရန် ကြိုးပမ်းစွမ်းဆောင် အဖွဲ့ဝင်နိုင်ငံများ နားလည်ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုဖြင့်လက်တွဲပါဝင်

(၄၂)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ်အခမ်းအနားကို ရေးပြည်တော်ရှိ နိုင်ငံခြားရေးနယ်ကြီးဌာနနှင့် သြဂုတ် ၁၁ရက်နေ့က ကျင်းပခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ကို ထူထောင်ခဲ့သည်မှာ (၄၂)နှစ်မြောက်ရှိခဲ့ပြီဖြစ်သည်။ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံများဖြင့် ၁၉۷၇ခုနှစ် သြဂုတ် ၈ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည့် အာဆီယံအသင်းသည် ယနေ့အခါတွင် အရှေ့တောင်အာရှ (၁၀)နိုင်ငံပါဝင်သော အာဆီယံအသင်းအဖြစ် ဝင့်ထည်စွာ ရပ်တည်လျက်ရှိသည်။

အဖွဲ့ဝင်နိုင်ငံများအချင်းချင်း အပြန်အလှန်နားလည်ယုံကြည်မှု၊ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းချစ်ကြည်စွာ အတူနေထိုင်လျက်ရှိကြသည်။

နှစ်ပေါင်း(၄၂)နှစ်အတွင်း အာဆီယံဖွဲ့ဖြိုးတိုးတက်မှုများနှင့် အောင်မြင်မှုများအနက် အာဆီယံပဋိညာဉ်စာတမ်းကို အာဆီယံနိုင်ငံအားလုံးက အတည်ပြု လက်မှတ်ရေးထိုးနိုင်ခြင်းသည် အာဆီယံသမိုင်းတွင် အောင်မြင်မှုမှတ်တိုင် စိုက်ထူနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

အာဆီယံပဋိညာဉ်စာတမ်းသည် ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၅ရက်နေ့တွင် အာစီယာသက်ဝင်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများက ပဋိညာဉ်စာတမ်းကို အကောင်အထည်ဖော်သွားကြရမည် ဖြစ်သည်။

အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး၊ အာဆီယံစီးပွားရေးနှင့် အာဆီယံလူမှုယဉ်ကျေးမှု အသိုက်အဝန်းစသည့် အသိုက်အဝန်းသုံးခုအပေါ် အခြေခံထားသည့် အာဆီယံအသိုက်အဝန်းကို ဖွဲ့စည်းထူထောင်ခဲ့သည်။

အာဆီယံသည် အကြမ်းဖက်တိုက်ခိုက်မှု၊ ကမ္ဘာ့ငွေကြေးပြဿနာ၊ စားနေပါရိကွာနှင့် စွမ်းအင်ရေးနှနှမ်းမတည်ငြိမ်မှု၊ ရာသီဥတုပြောင်းလဲမှု၊ ကူးစက်ရောဂါပျံ့နှံ့မှုနှင့် နယ်မြေပိုင်နက်အငြင်းပွားမှုစသည့် စိန်ခေါ်မှုများကို တွေ့ကြုံခဲ့ရပြီး ဒေသတွင်း သတိရှိစွာနှင့် ခံနိုင်ရည်စွမ်းရှိစွာ ပူးပေါင်းလက်တွဲဆောင်ရွက်မှုတို့ဖြင့် အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့သည်။

သို့ဖြစ်လေရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အချင်းချင်းနားလည်ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် အေးချမ်းတည်ငြိမ်ပြီး လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေသည့် မှန်မြတ်သော အာဆီယံအသိုက်အဝန်း ရည်မှန်းချက်များအောင်မြင်စေရန် ဆက်လက်လက်တွဲဆောင်ကြဉ်း သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဖြည်သူ့သဘောထား

* ပြည်ပအားကိုး ပုံဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၈-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အာဠဝကဒ္ဌိယသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**မြတ်ပန်းတိုင်သို့** တရားတော် (ရွေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ)
၆:၅၀	ထင်ရှားတည်ရှိ မြင်းမထီ
۷:၀၀	MRTV-4 သတင်း
۷:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံစာတမ်းလမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၇)
၈:၃၀	Movie Talk (ဒါရိုက်တာကြည်နိုးထွန်း၊ ဒိုင်ဝင်တင်လှ)
၉:၁၀	Sports World (KARTING Championships)
၉:၃၀	Activities in the City (Art & T8 Hair & Beauty Centre ဖွင့်လှန်ခြင်း)
၉:၅၅	JICA Myanmar ၏ ဃဏ္ဍာကျန်ရစ်များဆီသို့… (ဧာမကြားသူများလူမှုအသိုင်းအဝိုင်း ဝင်ဆုံနိုင်မှုမြှင့်တင်ဆောင်ရွက်ရေး စီမံချက်)
၁၀:၁၀	Make in a Delicious Way (အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ စွဲမက်ဖွယ်ရာဆစားသောက်များ အကြောင်း)
၁၀:၃၀	တို့ကမ္ဘာမြေသာယာဖို့ ကြွယ်ကြွယ်ပိတ်ကိုင်င်းပယ်ဖို့
၁၀:၄၅	ရွမ်းဆင်နှင့်သူတို့ (အပိုင်း-၁)
၁၁:၀၀	ဖက်ရင်လမ်းညွှန် (ဖုန်းအလှမက်ရင်)
၁၁:၁၅	မြန်မာ့ကျောက်ကြားပန်းချီဆရာများ၏ အနုပညာလက်ရာပြပွဲ
၁၁:၅၅	လေလာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်ဖျိုးပညာ
၁၂:၁၅	ကေးဂီတအစီအစဉ်
၁၂:၂၅	မြန်မာခြင်းလုံး
၁၂:၄၀	**စင်ခေါ်နှင်ခြင်ကျား** စင်ခေါ်ခေါ်မြင့်၊ လင်းလင်း ဇော်မြင့် (ဒါရိုက်တာ-အကယ်ဒမီ စင်ရော်မောင်ပေါ်)
၁:၀၀	**မြတ်ပန်းတိုင်သို့** တရားတော် (ရွေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ)
၁:၅၀	ထင်ရှားတည်ရှိ မြင်းမထီ
၂:၀၀	MRTV-4 သတင်း
၂:၄၅	World of Knowledge (The Kung Fu Dragons of Wudang)
၃:၄၀	ကျန်းမာမျော်ရှင်မီးအိမ်ရှင်ကဏ္ဍာ (ဒေါက်တာနိုက်တင်ဝေးလမ်နှင့် ဆွေးနွေးခန်း)
၃:၅၅	နိုင်ငံတကာအဆင့်လေ့လာ နိုင်စရာ…RV Centre
၄:၁၅	Activities in the City (Art & T8 Hair & Beauty Centre ဖွင့်လှန်ခြင်း)
၄:၂၅	Science Tech Today
၄:၄၀	ဂီတသံစဉ်အလှဆင် (ဂက်နီ)
၅:၀၀	VJ Choice
၅:၃၀	သူတို့မြတ်တဲ့သူတို့အကြောင်း နိုင်ဇော် (Lazy Club)နှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
၆:၀၀	MRTV-4 သတင်း
၆:၂၀	လှပသစ်ဆန်းအလှပြင်ခန်း (EXPRESSION)
၆:၅၀	ဖက်ရင်လမ်းညွှန် (ဖုန်းအလှမက်ရင်)
۷:၀၀	Make in a Delicious Way (အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ စွဲမက်ဖွယ်ရာဆစားသောက်များ အကြောင်း)
۷:၂၅	စမ်းသပ်စိုက်ပျိုးဝင်ရွတ်မိုး (ရုံးပတီသစ်စိုက်ပျိုးနည်း)
۷:၃၅	VJ Choice
၈:၀၀	MRTV-4 သတင်း
၈:၃၀	လေလာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်ဖျိုးပညာ
၈:၅၅	Science Tech Today
၉:၀၅	သူတို့မြတ်တဲ့သူတို့အကြောင်း နိုင်ဇော် (Lazy Club) နှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
၉:၃၀	MRTV-4 ရုပ်သံစာတမ်းလမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၇)
၁၀:၀၀	ကဏ္ဍာရဲလင်းအားကစားအစီအစဉ်
၁၀:၄၅	ကျန်းမာမျော်ရှင်မီးအိမ်ရှင်ကဏ္ဍာ (ဒေါက်တာနိုက်တင်ဝေးလမ်နှင့် ဆွေးနွေးခန်း)
၁၂:၀၀	Rainforest Homeland (အပိုင်း-၁)
၁:၂၀	မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမ်ပါ
၁:၅၀	လှပသစ်ဆန်းအလှပြင်ခန်း (EXPRESSION)
၂:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဗီဒီယိုး VHF တီဗီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။



ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းနမ်းကြီးဌာန ပန်းကြီး ဗိုလ်ချုပ်စိုးနိုင် ဗျာပုံမြို့နယ် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ် ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။ (ဟိုတယ်/ခရီး)

ဟိုတယ်/ခရီးဝန်ကြီး ပိုလ်ချုပ်စိုးနိုင် ပညာရည်ချွန်ဆုပေးပွဲတက်ရောက်

ရေးပြည်တော် သြဂုတ် ၁၃

၂၀�herb-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအား ချီးမြှင့်ပွဲ အခမ်းအနားကို သြဂုတ် ၁၀ရက်က ဗျာပုံမြို့ သီရိုဃရွာ၀ါခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ အမျိုးသားသာဘာ၀ေး ကာကွယ်ရေးဝန်ကြီးရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းနမ်းကြီးဌာန ပန်းကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍ အမှာစကား ပြောကြားကြီး ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရ ဝေဖြိုးသန်ရိတ္တိအားလည်းကောင်း၊ ဗျာပုံမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများအနက် ဆောင်ချက်အကောင်းဆုံးဆုရရှိသည့် ဗျာပုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်ရွေး၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များတွင် အောင်ချက်အကောင်းဆုံးဆုရ နောက်မီးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိသူနှင့် ကြက်ဖေးခေတ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ကြီး ဦးသောင်းထွဋ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ တာဝန်ရှိသူများနှင့် ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ပင်လယ်ကျွန်ပိုက်၊ လှန်းပိုက်၊ ချောပိုက် လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌများက ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ် ချီးမြှင့်ကြသည်။

ယင်းနောက် ဝန်ကြီးက ဂုဏ်ထူးရရှိအောင် သင်ကြားပေးကြသော ဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။ (သတင်းစဉ်)

၀(၅)ရပ်နှင့်ပြည်ခုံသော စာကြည့်တိုက်ဖြစ်ရေး ပိုလ်တဆောင် သုသရတနာစာကြည့်တိုက်၌ ဆွေးနွေး

ရန်ကုန် သြဂုတ် ၁၃

ဗိုလ်ဝတောင်ပြိုမယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းနွဲ့သည် သြဂုတ် ၁၂ရက် မနှင်းလွှဲ ၁၂နာရီက ဗိုလ်တဆောင်ပြိုမယ် အမှတ်(၄) ရပ်ကွက်ရှိ သုခရတနာ ကိုယ်အားကိုယ်ကိုး စာကြည့်တိုက်၌ စာကြည့်တိုက်ရှင်သန် ခိုင်မာရေး၊ ၀(၅)ရပ်နှင့် ပြည်ခုံရေး၊ စာဘုးကတ်စနစ်ကျင့်သုံးရေးတို့ကို ဆွေးနွေးသည်။

တက်ရောက်

အခမ်းအနားသို့ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ၊ ရပ်ကွက်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကော်စီဥက္ကဋ္ဌ ဦးသိန်းသန်းထွန်း၊ စာကြည့်တိုက်မှူး ဦးကျော်ဝင်း၊ တွဲဖက်စာကြည့်တိုက်မှူး ဒေါ်လှလှဝင်း၊ စာကြည့်တိုက်ကော်မတီဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ စာပေပါသနာရှင်များနှင့် စာအုပ်အလှူရှင်များ တက်ရောက်ကြသည်။

မြန်လည်ဆွေးနွေး

အခမ်းအနားတွင် စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ၊ ရပ်ကွက်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကော်စီဥက္ကဋ္ဌ ဦးသိန်းသန်းထွန်းက သုခရတနာစာကြည့်တိုက်၏ အခြေအနေများကို ရှင်းလင်းပြောကြားပြီး ၀(၅)ရပ်နှင့် ပြည်ခုံသော ခိုင်မာစာကြည့်တိုက်ဖြစ်ရေး ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း မြန်လည်ဆွေးနွေးပြောကြားသည်။ (ထာဝဲ)

(ဗြိုလ်နယ် မြန်/ဆက်)

ပြတိုရုပ်မြင်သံကြား

၁၄-၈-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	၁။ မြတ်အဖွင့်
၅:၀၅	၂။ တရားတော်
၅:၁၀	၃။ ဓမ္မပုဇာတား
၅:၂၀	၄။ မျိုးချစ်တပ်မတော်
၅:၂၅	၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၅:၃၀	၆။ မြန်မာသံစဉ်ချိန်ဘင်ပ်
၅:၄၅	၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုးအဝေးအရေးအတိုး ဗြိုင်ပွဲအစီအစဉ်**
၅:၅၀	၈။ သာယာဝတီကြေး ခေတ်ဆန်းတား
၇:၅၅	၉။ အမျိုးသားရေးတားကများ
၈:၀၀	၁၀။ မြတ်တိုရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။ အမျိုးသားရေးတားကများ

ညပိုင်း

၄:၀၀	၁။ မြတ်အဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ချိမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀	၄။ ရင်နာခန်စီးဆင်းအချစ်သီချင်း
၄:၂၅	၅။ မဟာဂီတ ချိုကြည်မြ
၄:၅၀	၆။ မျိုးချစ်တပ်မတော်
၅:၀၀	၇။ ရင်မာချွဲလမ်းတော်ဝင်ပန်း
၅:၃၀	၈။ အလွမ်းစေးပန်းချီ ချစ်သူဆီ
၅:၅၅	၉။ သာယာဝတီကြေး ခေတ်ဆန်းတား
၆:၀၀	၁၀။ မြတ်တိုရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ အမျိုးသားရေးတားကများ
၆:၂၅	၁၃။ လျှပ်တစ်ပြက်
၆:၃၅	၁၄။ "ရှာ" ဟာသဇာတ်လမ်းတွဲ **ပိုးဘဝ်ဆေး** (အပိုင်း-၂)
၆:၅၀	၁၅။ ဆောင်မျှော်ရှုစား ကြိုးကိုင်းစကား
۷:၀၀	၁၆။ ရသစ်လင်းရုပ်မြင်စာတတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၇၉)
၈:၀၀	၁၇။ မြတ်တိုရုပ်မြင်သံကြားသတင်း
၁၀:၀	၁၈။ မိုးလေဝသသတင်း
	၁၉။ အမျိုးသားရေးတားကများ
	၂၀။ စိုက်မျိုးသုတ
	၂၁။ ရှင်သန်နေသောသီချင်းများ (Living Songs) **ထူးအိမ်သင်သို့ချစ်ခြင်းများနှင့်** (အပိုင်း-၂)
	၂၂။ မြတ်တိုရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍာ
	၂၃။ ယနေ့အတွက် မြတ်တီ၏ တေးလက်ဆောင်
	၂၄။ ရသစ်လင်းရုပ်မြင်စာတတ်လမ်း **တရားရှင်နှင့် ကျန်ကျောင်း** (အပိုင်း-၃၇)
	၂၅။ အရှင်ဇနကာภิบดီ၏ ထေရုပ္ပတ္တိ (အပိုင်း-၁၂)

စာအုပ်စာပေ

လူမှီတ်ဆွေ

* ဓာတ်ပုံ-၄

ရန်ကုန်မြို့ မိုင် ၃၀ ပတ်ဝန်းကျင် စီမံလန်းစိုပြည်ရေး စီမံချက်အရ အပြည်အစ စီမံလန်းစိုပြည်ရန် အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေရရှိရေးပင် ဖြစ်ကြောင်း၊ စိုက်ပျိုးရေရရှိရေးအတွက် ရန်ကုန်မြို့ပတ်ဝန်းကျင်တွင် ဆည်၊ တာတမံ၊ ရေထိန်းတံခါးများနှင့် ရေတာစီမံကိန်းများကိုပါ တည်ဆောက်ထားပြီးဖြစ်၍ နိုင်ငံတကာလေဆိပ်၏ မိုင်၃၀ပတ်လည် ရန်ကုန်တိုင်း တစ်တိုင်းလုံး စီမံလန်းစိုပြည်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ရန်ကုန်မြို့ မိုင်၃၀ ပတ်ဝန်းကျင် စီမံလန်းစိုပြည်ရေး စီမံခန်ခွဲရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် တာဝန်ရိုသူတို့က လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ညွှန်ပြင်းပုံပြုပြည်ထည်းပေးပြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ မိုးစပါးစိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်

(၁၃-၈-၂၀၀၉)

နေပြည်တော်

- ၁ ဘသမ ၇၇ လက်မ
  - ကန့်ဘလူ
- ၃ ဘသမ ၄၉ လက်မ
  - သံမဏိရပ်
- ၃ ဘသမ ၁၁ လက်မ
  - လားရှိုး
- ၂ ဘသမ ၉၂ လက်မ
  - မြစ်ကြီးနား
- ၁ ဘသမ ၁၀ လက်မ
  - မင်းဘူး
- ၀ ဘသမ ၃၁ လက်မ

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၆) ဖွင့်ပွဲကျင်းပ

နေပြည်တော် သြဂုတ် ၁၃

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၆) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် စာရင်းတွင်မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပတ္တမြားခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်ဆောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဗဟို ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ တာဝန်ရှိသူများနှင့် အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၆)သို့ တက်ရောက်ကြသည့် ဝန်ကြီးဌာန အသီးသီးအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်းသင်တန်းသူ ၅၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးဝက်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ မိုင် ၃၀ ပတ်ဝန်းကျင် စီမံလန်းစိုပြည်ရေး စီမံခန့်ခွဲရေး ကြီးကြပ်မှုကော်မတီ (၄/၂၀၀၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လှိုင်မြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတူးဖောက်သွယ်တန်းနေမှု
စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စစ်ဆေး

ရန်ကုန် သြဂုတ် ၁၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် သြဂုတ် ၁၀ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အလုံသဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းအတွင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော လှိုင်မြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း တူးဖောက်သွယ်တန်းနေမှုလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရေဦးစွာ ယာယီရှင်းလင်းဆောင်ဌ ဝန်ကြီးအား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူး(အင်ဂျင်နီယာလုပ်ငန်း)က HDD (Horizontal Directional Drilling) စက်ဖြင့် လှိုင်မြစ်ဆောက်မှ သဘာဝဓာတ်ငွေ့ပိုက်လိုင်း တူးဖောက်ဆက်သွယ် ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းအဆင့်အလိုက် Technically စုစစ်သေချာစွာ ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် သတ်မှတ်ကာလအတိုင်း လုပ်ငန်းဆောင်မြင်ချောမွေ့စွာပြီးစီးသွားရေး ဂရုပြဆောင်ရွက်သွားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် အလုံဘက်ကမန်းမှ HDD (Horizontal Directional Drilling) စက်ဖြင့် လှိုင်ဘုန်းဘက်ကမ်းသို့ လှိုင်မြစ်ဆောက်မှ သဘာဝဓာတ်ငွေ့ပိုက်လိုင်း တူးဖောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ယခု မြစ်ဖြတ်ပိုက်လိုင်းကို လှိုင်မြစ်ကြမ်းပြင်ဆောက် ၄၂၀ ခန့်ကမ်မှနေ၍ အရှည်ပေ ၃၁၀၀တူး ဖောက် ဆက်သွယ်ခြင်းဖြစ်ပြီး ယခု လုပ်ငန်းစဉ်သည် ရဂနာကမ်းလွန်သဘာဝဓာတ်ငွေ့မြေမှ ၂၄လက်မ ပိုက်လိုင်းဖြင့် ရန်ကုန်သို့ သဘာဝဓာတ်ငွေ့သွယ်ယူသည့် စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ကာ စီမံကိန်းတစ်ခုလုံးပြီးစီးပါက တိုးတက်မှုများလာသော သဘာဝဓာတ်ငွေ့လိုအပ်ချက်များကို ပံ့ပိုး ပံ့ပိုးပြည့်ဆည်းသွားနိုင်မည် ဖြစ်ကြောင်း သိရသည်။

ဖြည့်ဆည်းပံ့ပိုး

ဝန်ကြီးသည် သြဂုတ် ၁၁ရက် နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့နယ် အင်္ဂလုံးကျေးရွာသို့ ရောက်ရှိကာ ကျေးရွာသူကျေးရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဒေသခံပြည်သူများအတွက် ဆန်နှင့် ဆီများ ပေးအပ်ကာ ကျေးရွာလိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုး ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့နယ် အင်္ဂလုံး ကျေးရွာတွင် ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌအား ရှန်ဟဲ အမျိုးသမီးအလေးမအသင်း တွေ့ဆုံ

ရန်ကုန် သြဂုတ် ၁၃

မြန်မာ-တရုတ် နှစ်နိုင်ငံ အားကစားပူးပေါင်းဖလှယ်ရေးနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုနိုင်မြစေရေးတို့အတွက် မြန်မာအမျိုးသမီးအလေးမအဖွဲ့နှင့် အဝေ့ ပူးတွဲလေ့ကျင့်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော အဖွဲ့ဝင် ခုနှစ်ဦးပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရှန်ဟဲအမျိုးသမီး အလေးမအဖွဲ့သည် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းလွင်အား ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြင်ဝင်းရှိ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ခန်းမဆောင်သို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံ နှုတ်ဆက်ရာတွင် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြတ်၊ အတွေ့ထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ တွဲဖက်အတွင်းရေးမှူးများ ဖြစ်ကြသော ဦးဌေးဝင်းနှင့် ဒေါ်နင်းစုဦး၊ အမှုဆောင်များ၊ ရှန်ဟဲအမျိုးသမီးအလေးမအဖွဲ့ ခေါင်းဆောင် Mr. Cai Ting hua ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းလွင်က ကြိဆိုနှုတ်ဆက်စကားပြောကြားပြီး ရှန်ဟဲအမျိုးသမီး အလေးမအဖွဲ့ ခေါင်းဆောင် Mr. Cai Ting hua က မြန်မာနိုင်ငံသို့ လာရောက်လေ့ကျင့်ရသည့် ရည်ရွယ်ချက်နှင်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ လေ့ကျင့်ရေးအစီအစဉ်များကို ညှိနှိုင်း ဆွေးနွေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကမာရွတ်မြို့နယ် အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး စ(၇)ရပ်နှင့် ညီညွတ်သော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် မြန်နယ်မြေကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းအေး ဦးဆောင်သောအဖွဲ့၊ သြဂုတ် ၁၂ ရက်က အမှတ် (၉)ရပ်ကွက် ပညာတန်ဆောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် စာကြည့်တိုက်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာ ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကော်စီ ဥက္ကဋ္ဌ ဦးကျော်မော်ဦး အမှာစကား ပြောကြားစဉ်။ (မြို့နယ် မြန်/ဆက်)

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် မီးပုံးပျံလွှတ်တင်မှု ကျင်းပလျက်ရှိသည်ကို ဩဂုတ် ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရုရှားနှင့်အင်ဂိုလာ ပူးပေါင်းဆောင်ရွက်

လူအန်ဒါ ဩဂုတ် ၁၃

ရုရှားနိုင်ငံအနေဖြင့် ရေနံလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဝန်ထမ်းလေ့ကျင့်သင်ကြားရေးဆိုင်ရာ ကဏ္ဍများတွင် အင်ဂိုလာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်အကောင်အထည်ဖော်သွားရန် ဆန္ဒရှိကြောင်း အင်ဂိုလာနိုင်ငံ ဆိုင်ရာ ရုရှားသံအမတ်ကြီး နီနာချက်က ထုတ်ဖော်ပြောကြားသည်။

လက်မှတ်ရေးထိုး

ရုရှားနှင့် အင်ဂိုလာအစိုးရတို့သည် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ခြောက်ခုကို ၂၀၀၉ခုနှစ် ခုနှစ်လ အတွင်းက လက်မှတ်ရေးထိုးခဲ့ကြသည်။ ၄င်းတို့တွင် အမေရိကန်ဒေါ်လာ ၃၇ဂသန်းကုန် ကျမည့် အင်ဂိုလာဆက်သွယ်ရေးဂြိုဟ်တုစီမံကိန်းလည်း ပါဝင်သည်ဟု ဆိုသည်။ **(အင်တာနက်)**

A(H1N1)တုပ်ကွေးဖြစ်သူ ဥရောပ၌ ဂဂ၄ဦးတိုးလာ

စတော့ဟုမ်း ဩဂုတ် ၁၃

ဥရောပနိုင်ငံများ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း A(H1N1)တုပ်ကွေး နောက်ထပ်ဖြစ်ပွားသူ ဂဂ၄ဦးရှိကြောင်း ဥရောပကျန်းမာရေးဌာနက ဩဂုတ် ၁၁ ရက်တွင် ပြောကြားသည်။

တိုးပွားလာသော ၄င်းရောဂါဖြစ်ပွားသူများတွင် ဂျာမနီနိုင်ငံ၌ ၃၈၅ ဦး၊ နယ်သာလန်၌ ၁၀၉ ဦး၊ နော်ဝေ၌ ၇၀၊ ပေါ်တူဂီ၌ ၆၀၊ ဆွစ်စာလန်၌ ၃၉ ဦး၊ ဒိန်းမတ်၌ ၃၇ဦး၊ ဩစတြေးယား၌ ၃၀၊ ဘူလဂေးရီးယားနှင့် အိုက်စလန်၌ ခုနှစ်ဦးစီ၊ လစ်သူဝေးနီးယားနှင့် ဆလိုဗက်ကီးယား၌ ခြောက်ဦးစီ၊ အက်စတိုးနီးယား၌ ၎င်းဦး၊ ဆလိုဗေးနီးယား၌ လေးဦး၊ ဟန်ဂေရီ၌ သုံးဦး၊ လိမ္မာရှင်စတိန်းနှင့် ရိုမေးနီးယား၌ နှစ်ဦးစီ၊ လတ်ဗီးယားနှင့် ပိုလန်၌ တစ်ဦးစီ ပါဝင်သည်ဟု ဥရောပရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာနက ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

အမ်အင်နိုင်အေ၊ ဆင်းဟွာ

ပြန်ပေးဆွဲခံရသူ ခြောက်ဦး ဆိုမာလီမှပြန်လွှတ်ခြောက်လာ

မိုဂါဒစ်ရှူး ဩဂုတ် ၁၃

ဆိုမာလီပြန် ပေးဆွဲသမားများက ဆိုမာလီယာနိုင်ငံအလယ်ပိုင်း၌ နိုဝင်ဘာလက ဖမ်းဆီးခဲ့သည့် နိုင်ငံခြားသားခြောက်ဦးကို ဩဂုတ် ၁၁ရက်တွင် လွှတ်ပေးကြောင်း လေဆိပ်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ပြန်ပေးဆွဲခံရသူများတွင် ကင်ညာနိုင်ငံသားနှစ်ဦး၊ ပြင်သစ်နှစ်ဦး၊ ဘူလဂေးရီးယားတစ်ဦးနှင့် ဘယ်လ်ဂျီယံတစ်ဦးတို့ ပါဝင်သည်။ ထိုခြောက်ဦးသည် ကင်ညာနိုင်ငံ၏မြို့တော်နိုင်ရိုဘီသို့ အထူးလေယာဉ်ဖြင့် ဩဂုတ် ၁၁ရက် နောင်းပိုင်းတွင် ရောက်ရှိလာကြသည်ဟု သိရသည်။

ဂင်းတို့အား ပြန်လွှတ်ပေးရေးအတွက် အမေရိကန်ဒေါ်လာ သုံးသန်းပေးရသည်ဟု မိမိနားလည်ကြောင်း ဒေသဆိုင်ရာ အကြီးအကဲ ဖာရာဟတ်ဆိန်က ပြောကြားသည်။ ပြင်သစ်နိုင်ငံခြားရေးပန်ကြီးဌာနနှင့် ဂင်းတို့၏ အလုပ်ရှင်ဌာနကမူ ငွေပေးရဟု ပြောကြားသည်။ **အမ်အင်နိုင်အေ၊ရိုက်တာ**

တရုတ်နှင့်ဘရာဇီး လေကြောင်းခရီးစဉ်တိုးချဲ့

ဘရာဆီးလီးယား ဩဂုတ် ၁၃

ဘရာဇီးဘီအေအမ်လေကြောင်းကုမ္ပဏီနှင့် တရုတ်လေကြောင်း ကုမ္ပဏီတို့သည် မက်ဒရစ်မြို့ကိုဖြတ်ပြီး ဆော်ပေါလိုနှင့်ပေကျင်းအကြား လေယာဉ်ခရီးစဉ်များတွဲပျံသန်းရေးကို သဘောတူညီလိုက်ကြကြောင်း ဘရာဇီးကုမ္ပဏီက ဩဂုတ်၁၁ရက်က ကြေညာသည်။

တာဝန်ယူ

အဆိုပါ သဘောတူညီမှုအရ ဆော်ပေါလိုနှင့်မက်ဒရစ်အကြား လေကြောင်းခရီးစဉ် ပျံသန်းမှုကို တီအေအမ်က စီစဉ်ဆောင်ရွက်မည်ဖြစ်ပြီး မက်ဒရစ်မှတရုတ်သို့ လေယာဉ်ပျံသန်းမှုခရီးစဉ်ကို တရုတ်လေကြောင်းကုမ္ပဏီက တာဝန်ယူပို့ဆောင်ပေးမည်ဖြစ်သည်။ **(အင်တာနက်)**

စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ သဘောတူညီမှုများ ဗင်နီဇွဲလားနှင့်အာဂျင်တီးနား စာချုပ်ချုပ်ဆို

ကရာကတ်စ် ဩဂုတ် ၁၃

ဗင်နီဇွဲလားနိုင်ငံ ကရာကတ်စ်မြို့တွင် ဩဂုတ် ၁၁ရက်က ဗင်နီဇွဲလားနှင့်အာဂျင်တီးနားနှစ်နိုင်ငံ ဒုတိယအကြိမ်မြောက် အစည်းအဝေး၌ စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ သဘောတူညီမှု ၁၀ခုကို နှစ်နိုင်ငံသမ္မတများက လက်မှတ်ရေးထိုးလိုက်ဖြိုဖြစ်သည်။

အဆိုပါသဘောတူညီမှုတွင် နှစ်နိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁သိန်းယဉ်ကျေးတန်ဖိုးရှိ စီးပွားရေးလုပ်ငန်း ၂၂ ခုပြုလုပ်ရန်လည်း ပါဝင်ကြောင်း ဗီရာဖလိုစီနန်းတော်၌ကျင်းပသည့် အစည်းအဝေးတွင် အာဂျင်တီးနားသမ္မတ ခရစ်တီနာဖာနန်းဂက်ဒိက ပြောကြားသည်။

အမြင်ချင်းဖလှယ်

အာဂျင်တီးနားအဖွဲ့ဝင်များနှင့်အတူ ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်သည် လေးနာစီကျော်ကြာကွေ့ဆုံ၍ စိုက်ပျိုးရေး နည်းပညာရပ်များ၊ သယံဇာတပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။ အာဂျင်တီးနားသမ္မတ ခရစ်တီနာဖာနန်းဂက်ဒိသည် ဗင်နီဇွဲလားနိုင်ငံ ကရာကတ်စ်မြို့တော်သို့ ဩဂုတ် ၁၁ရက် ညပိုင်းက ရောက်ရှိခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အီရက်နိုင်ငံ ဘဂဒတ်မြို့မြောက် ဘက်ဂီလိုဒီတာ ၂၅၀ အကွာရှိ ကယ်ကွတ်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် အဖျက်အစီးများကို ဩဂုတ် ၁၂ရက်က တွေ့ရစဉ်။

(အဆိုပါ ကားဗုံးပေါက်ကွဲမှုတွင် ရဲတပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

ထူးဆန်းသော အသားစားအပင်ကြီးမျိုး ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း၌ တွေ့ရှိ

မနီလာ ဩဂုတ် ၁၃

***အလွန်ကြီးမားသော အသားစားအပင် မျိုးစိတ်သစ်တစ်မျိုးကို ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း ကုန်းမြင့်ဒေသများ၌ ပေါက်ရောက်လျက်ရှိသည်ကို တွေ့ခဲ့ရကြောင်း ဩဂုတ် ၁၂ရက်က အင်တာနက်သိပ္ပံ ဝက်သ်ဆိုက်တွင် ဖော်ပြထားသည်။** (ဆောက်ပုံ)*

အစာချက်

အဆိုပါ အသားစားအပင်သည် ရှည်လျားသော ရေစစ်ပုံသဏ္ဌာန်အချက်များပါရှိသည်။ ယင်းအချက်များသည် ကြွက်နှင့်အင်းဆက်သဏ္ဌာဝါများကို ဖမ်းယူစားသောက်နိုင်သော ထောင်ချောက်ဖြစ်သည်။ သဏ္ဌာဝါများ ယင်းရေစစ်သဏ္ဌာန်အချက်အတွင်း ကျရောက်သွားပါက အရွက်များတွင် ချိုငြီစေသော အစေးများရှိသဖြင့် ပြန်၍မထွက်နိုင်ဘဲ သစ်ရွက်မှာပြန်လိမ်တိသွားပြီး အစာချက်လိုက်ခြင်း ဖြစ်သည်။

လှေလာဘွေ့ရှိ

ယင်းအသားစားအပင်မျိုးစိတ်ကို ဒြီဟိန်နိုင်ငံမှ စူးစမ်းလေ့လာသူ စတီဝပ် မက်ဖာဆင်၊ရက္ခဗေဒပညာရှင် အလတ်စတယ်ယားရီဘင်ဆင်နှင့် ဖိလစ်ပိုင် နိုင်ငံသားဗော်တာဟိန်းရစ်တို့သည် ဖိလစ်ပိုင်နိုင်ငံ ပါလာဝမ်အလယ်ပိုင်းရှိ ဗစ်တိုးရီးယားဘောင်သို့ တက်ရောက်စဉ် လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထိုအသားစားအပင်နှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ယခုနှစ်ဆန်းပိုင်းက လင်နီယန်လှမ္မအဖွဲ့အစည်း၏ ရက္ခဗေဒဂျာနယ်တစ်စောင်တွင် ရေးသားဖော်ပြထားသည်။ *(အင်တာနက်)*

ဗြိတိန်ရှိ ကျောင်းသားများ ကျောင်းပြီးပြီးချင်း ကိုယ်ပိုင်ရပ်တည်ရေး

ဗာန်ကူး ဩဂုတ် ၁၃

ဗဟိုအာဖရိကသမ္မတနိုင်ငံမှ ၁၊နှစ်အောက်ကလေးသူငယ် ၇၀၀၀၀ခန့်မှာ အဟာရချို့တဲ့နေကြောင်း၊ ပုံမှန်စံနှုန်းအောက်တွင် ရောက်ရှိ အသက်ရှင်နေထိုင်ကြရကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေ(အဒ္ဒီ (ယူနီဆက်) ကိုယ်စားလှယ် ချယ်ရစီဟောပကင်းက ဩဂုတ် ၁၂ ရက်တွင် သတိပေးနှိုးဆော်လိုက်သည်။

ပြောကြား

ကူညီထောက်ပံ့မှုများ အချိန်မီမပေးနိုင်လျှင် အဆိုပါကလေးသူငယ်များမှာ ဆက်လက်အသက်ရှင်ကျန်ရန် အခွင့်အလမ်းများနည်းပါးကြောင်း ၄င်းက ပြောကြားသည်။

မတည်မငြိမ်ဖြစ်

ဗဟိုအာဖရိကသမ္မတနိုင်ငံသည် ကမ္ဘာပေါ်တွင် အဆင်းရဲဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နှစ်ပေါင်းများစွာ မတည်မငြိမ်ဖြစ်သည့် နိုင်ငံလည်းဖြစ်သည်။ **(အင်တာနက်)**

အာဖရိက ကလေးသူငယ် ၇၀၀၀၀၀ အဟာရချို့တဲ့မှုနှင့် ကြုံတွေ့နေရ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

ဖိလစ်ပိုင်တောင်ပိုင်းကမ်းလွန်၌ ငလျင်လှုပ်

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကမ်းလွန်၌ ဩဂုတ် ၁၃ရက် နံနက်က ရစ်ခ်တာစကေး ၅၁သမေဒရှိသော လျင်လှုပ်ခဲ့ရာ ဆန့်ကျင်စိမ့်ဖြိုတွင် နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ မိုးလေဝသအရာရှိများက ပြောကြားသည်။

A(H1N1) ကြောင့် ပြင်သစ်၌ စာသင်ကျောင်းများ ယာယီပိတ်ထားရန်စီစဉ်

ပြင်သစ်နိုင်ငံတစ်ဝန်း A(H1N1) ရောဂါ ပျံ့နှံ့ဖြစ်စေးလာမှုကြောင့် စာသင်ကျောင်းများအားလုံး ယာယီပိတ်ထားရန်ပြင်ဆင်နေကြောင်း ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၁၃ရက်၌ သတင်းထုတ်ပြန်သည်။

ပျောက်ဆုံးနေသော ကုန်တင်သင်္ဘော ရှာရှားရေတပ်ရှာဖွေနေ

ရှာရှားနိုင်ငံမှ အယ်လ်ဂျီးရီးယားနိုင်ငံသို့ ခုတ်မောင်းလာသော ကုန်တင်သင်္ဘော တစ်စင်း အင်္ဂလိပ်ရေလက်ကြားကို မြောက်သန်းစည် ပျောက်ဆုံးသွားရာ ဩဂုတ် ၁၂ရက်အထိ အယ်လ်ဂျီးရီးယားနိုင်ငံသို့ ရောက်လာသဖြင့် ရှာရှားရေတပ်သင်္ဘောများက ရှာဖွေလျက်ရှိကြောင်း ရှာရှားရေတပ်အရာရှိများက ဩဂုတ် ၁၃ရက်၌ ပြောကြားသည်။ (ဆောက်ပ်)



ဖိလစ်ပိုင်တောင်ပိုင်း ဘာစီလန်၌ တိုက်ပွဲဖြစ်ပွားပြီး ၄၃ဦးသေဆုံး

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဘာစီလန်ပြည်နယ်တွင် ဩဂုတ် ၁၃ရက်က ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်တိုက်ခိုက်ရေးသမားတို့ အပြန်အလှန်တိုက်ပွဲ ဖြစ်ပွားရာ နှစ်ဦး နှစ်ဖက် ၄၃ဦးသေဆုံးသွားကြောင်း ဖိလစ်ပိုင်စစ်ဘက်အရာရှိများက ပြောကြားသည်။

ကွန်ပျူတာပိုင်းရပ်စ်ဖြန့်ဖြူးသူ သြစတြေးလျနိုင်ငံသား ရဲတပ်ဖွဲ့ကဖမ်းဆီး

ကမ္ဘာတစ်ဝန်းရှိ ကွန်ပျူတာများသို့ ပိုင်းရပ်စ်ပိုးများ ဖြန့်ဖြူးခဲ့သူ သြစတြေးလျနိုင်ငံသား အသက် ၂၀အရွယ် လူငယ်တစ်ဦးအား သြစတြေးလျ ရဲတပ်ဖွဲ့က ဩဂုတ် ၁၃ရက်၌ ဖမ်းဆီးလိုက်ကြောင်း သတင်းထုတ်ပြန်သည်။

ကမ္ဘာ့စျေးကွက်၌ ရွှေစျေးနှုန်းမြင့်တက်

ကမ္ဘာ့စျေးကွက်၌ ရွှေစျေးများ တက်လွယ်ကိုရှိရာ တရုတ်ရွှေစျေးကွက်၌ ဩဂုတ် ၁၃ရက် စျေးကွက်ပိတ်ရှိန်တွင် ရွှေတစ်ဆောင်စလျှင် အမေရိကန် ဒေါ်လာ ၉၃၈သမ ၁၁၅ါလာဆယ်မြင့်တက်ခဲ့ကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

ဂျပန်နိုင်ငံ ဟာချိုဂျိုမာကျွန်း ကမ်းလွန်၌ ငလျင်လှုပ်သွား

ဂျပန်နိုင်ငံ တိုကျိုမြို့ တောင်ဘက် တီလိမီတာ ၂၀၀၀နှစ်အလာ ဟာချိုဂျိုမာကျွန်း ကမ်းလွန်တွင် ဩဂုတ် ၁၃ရက် နံနက် ၇နာရီ ၃၉မိနစ်က ရစ်ခ်တာစကေး ၆သမေဒ ရှိသော ဆင်အားပြင်းငလျင်လှုပ်သွားကြောင်း၊ နေအိမ်အဆောက်အအုံအချို့ပျက်စီးခဲ့ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

မက္ကဆီကိုနိုင်ငံ အနောက်တောင်ပိုင်းသို့ မုန်တိုင်းတိုက်ခတ်ဖွယ်ရှိကြောင်း ထုတ်ပြန်ကြေညာ



မက္ကဆီကိုနိုင်ငံ အနောက်တောင်ပိုင်းဒေသသို့ လာမည့်ရက်အနည်းငယ်အတွင်း ဂုဏ်ပြင်းထန်သော မုန်တိုင်း တိုက်ခတ်လည်ပြစ်ကြောင်း၊ ယင်းမုန်တိုင်းသည် အနည်းဆုံး တစ်နာရီလျှင် မိုင် ၅၀နှုန်း တိုက်ခတ်နိုင်ကြောင်း အမေရိကန် မိုးလေဝသဌာနမှ သတင်းထုတ်ပြန်ထားသည်။ ။

(အင်တာနက်)

တန့်ယန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ထပ်ရုံး အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

တန့်ယန်း ဩဂုတ် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ထပ်ရုံးအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၉ရက် နံနက်၇နာရီက အဆိုပါရုံးသစ်၌ ကျင်းပရာ ရုံးအဆောက်အအုံသစ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးနိုင်ဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရနှင့် မြို့နယ်စစ်မှုထမမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးဝမ်းမွင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ်ကို အဆောက်အအုံအတွင်း၌ ဆက်လက်ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး နိုင်ဇော် (**အမေါ်ပဲ**)က အမှာစကားပြောကြားပြီး မြို့နယ်စစ်မှုထမမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးဝမ်းမွင့်က ကျေးဇူးတင်စကားပြောကြား ကြောင်းသိ ရသည်။ **(မြို့နယ် ပြန့်/ဆက်)**

Myanmar Search Engine ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းကကြီးမှူးမှ ICT နည်းပညာများကို လိုက်စားကြသော မြန်မာလူငယ်များအကြင်း သုတေသနပြုခြင်းနှင့် တီထွင်ဖန်တီးခြင်း များ ပိုမိုတိုးတက်လာစေရန်၊ အကျိုးရှိ အသုံးဝင်သော ပြည်တွင်းဖြစ် ICT ဆိုင်ရာ tool များ Product များ ပိုမိုပေါ်ထွက် လာစေရန်အတွက် အားပေးကူညီရန်၊ မြန်မာစာကို ICT နယ်ပယ်တွင် ပိုမိုချဲ့ကားယ်ပြန့်ပြန့်၊ အသုံးချလာနိုင်စေရန် ရည်ရွယ်ချက်များဖြင့် Project-based Contest ပြလုပ်ရန်ရှိပြီး Contest ၏ အမည်မှာ MCPA Challenge ဖြစ်ကာ ယှဉ်ပြိုင်ရမည့် အကြောင်းအရာမှာ Myanmar Search Engine ဖြစ်သည်။

Myanmar Search Engine နှင့် စပ်လျဉ်း၍ နည်းပညာဆိုင်ရာဟောပြောပွဲကို သြဂုတ် ၁၅ ရက်(စနေနေ့) နံနက် ၉ နာရီ ခွဲမှ မွန်းတည့် ၁၂ နာရီဆယ် ရန်ကုန်မြို့ လွှင်ပြိုနယ် မြန်မာအင်ဖိုတက်ခ် ပင်ဆောင်ရှိ Conference Hall ၌ ဒေါက်တာခေါ်မြင့်သန်း(၁ရိုက်တာ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်)၊ ဦးရဲမြတ်သူ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မန္တလေး)နှင့် ဦးညီလင်းဆက် (အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း)တို့က ဟောပြောကြမည်ဖြစ်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းဝင်များ၊ MCPA Challenge ကို ပါဝင်ယှဉ်ပြိုင် ကြမည် သူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြ သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ရုံးခန်း အဆောင်(၄) အခန်း ၄ ဖုန်း-၆၅၂၂၇ဖိသို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စ(၅)ချက်နှင့် ပြည့်စုံရေး ကျောက်တံခါး၌ ကွင်းဆင်းဆောင်ရွက်

ကျောက်တံခါး ဩဂုတ် ၁၃

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် ပမ်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီး ဦးဘုန် မြို့နယ်ဦးစီးချုပ် ဦးမောင်မောင်ခေါ်နှင့် ဝန်ထမ်းများသည် သြဂုတ် ၁ရက်က အင်ကုန်းကျေးရွာ၊ ၂ရက်တွင် ဆယ့်လေးရွာ၊ ၄ရက်တွင် ဆေးရိုးခင်ကျေးရွာ၊ ၆ရက်တွင် ကံကလေးကျေးရွာ၊ ၉ရက်တွင် ကင်းရွာ၊ ၁၁ရက်တွင် ရင်းတိုက်ကုန်း ကျေးရွာနှင့် ခင်တိုကျေးရွာတို့သို့ သွားရောက်ပြီး စာကြည့်တိုက် ကော်မတီဝင်များ၊ သေသခံ ပြည်သူများနှင့် တွေ့ဆုံ၍ စ(၅)ချက်နှင့် ပြည့်စုံသော စာကြည့်တိုက်များ ဖြစ်ပေါ်ရေး၊ စာငှားကတ်စနစ်ကျင့် သုံးရေး၊ စာအုပ် စာပေဖတ်ရှုရေး ဆွေးနွေးပွဲများနှင့် စာဖတ် ပိုင်းများ ပြုလုပ်ခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန့်/ဆက်)**

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းအလျှပ်ဒါနပြုပွဲ

ရန်ကုန် ဩဂုတ် ၁၃

ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်) ၏ (၁၂)ကြိမ်မြောက် စုပေါင်းအလှူဒါန ပြုပွဲအခမ်းအနားကို ဩဂုတ် ၉ရက်က အမှတ် ၂၁/၄၃-စီ ကြားတောရလမ်း ရွှေတိုဂုဏ်အရှေ့ဘက်မခပ် ဗဟန်းမြို့နယ်ရှိ ဧရာဝတီတိုင်းမျှော်ရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌဦးလှမြင့်က အမှာစကား ပြောကြားပြီး (**အမေါ်ပဲ**) အတွင်းရေးမှူး ဦးစိုးဝင်းက အခမ်းအနားအစီအစဉ်ကို ဖတ်ကြားတင်ပြသည်။

ဝုတ်ပြလွှာ

အခမ်းအနားတွင် ဒုတိယဥက္ကဋ္ဌ ဦးအေးကျော်က လှုဒါန်းပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမှုဆောင်ဦးတင်ဦး က အလှူရှင် အမည်စာရင်းကို ကြေညာ ကာ နာယက ဒေါ်ခင်မာအေး၊ ဗိုလ်မှူးချုပ် ဗျိုးမြင့်(ဇြမ်း)နှင့် အသင်းဥက္ကဋ္ဌ ဦးလှမြင့်နှင့် အမှုဆောင်များ၊ အသင်းသူ အသင်း သားများ၊ အလှူရှင်များက လှူဒုယပ်ပစ္စည်း များတို့ဖြင့် စုပေါင်းလှူဒါန်းကြသည်။ ဆက်လက်၍ Yangon Crown Wire & Cable ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှု ဒါရိုက်တာဦးရှောင်စန်းက ညောင်တုန်း မြို့နယ်အသင်း(ရန်ကုန်)ရှာသက်ပန် ဌေ ပဒေသာပင်အတွက် လှူဒါန်းငွေ ကျပ်သိန်း ၁၀၀ကို အသင်းဥက္ကဋ္ဌ ဦးလှမြင့်အား လည်းကောင်း၊ ညောင်တုန်းမြို့ မြန်မာနိုင်ငံ လုံးဆိုင်ရာ သုခမှာဝမ်ယယ်ဘွိုစာပြန့်ပွဲကြီး အတွက် ဌေပဒေသာပင်လှူဒါန်းငွေ ကျပ်သိန်း ၁၀၀ကို စာပြန့်ပွဲဖြစ်မြောက်ရေး ဥက္ကဋ္ဌ ဦးကြည်ကိုလည်းကောင်း ပေးအပ်ရာ ဂုဏ်ပြုလွှာများပေးအပ်၍ ကျေးဇူးတင် စကား ပြန်လည်ပြောကြားသည်။

(မြန်မာ့အလင်း)

ကျောင်းတိုင်း၏ ဆောမြို့နယ်ရည်ပင် ပန်းအလှပင်များစိုက်ပျိုး

ဆော ဩဂုတ် ၁၃

မကွေးတိုင်း ဆောမြို့နယ် စည်ပင် သာယာရေးအဖွဲ့မှ မြို့သာယာလှပရေး အတွက် ရွှေင်းသာ မြေနေရာ၌ ပန်းအလှပင် များကို သြဂုတ် ၁၂ရက်က စိုက်ပျိုး လျက်ရှိရာ အမှုဆောင်အရာရှိ ဦးဟန်မြင့်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့ရည်ပင်)**

မြန်မာ့ရုပ်မြင်သံကြား

၁၄-၈-၂၀၀၉ ရက် (ဆောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာမြို့ ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၀ ၂။ **မြတ်ဂုဏ်တော်သခင်** (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖွံ့အတွက်စားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိအေးမင်္ဂလာတေး
- ၇:၅၅ ၆။ အတီးပြိုင်ပွဲ
- ၈:၀၅ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈:၂၀ ၈။ တေးဂီတအစီအစဉ်
- ၈:၄၀ ၉။ International News
- ၈:၅၀ ၁၀။ **ဓာတ်မကျရအောင်**
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေးစစ်သည်တေး
- ၄:၁၀ ၂။ မြန်မာစာ၊ မြန်မာကား
- ၄:၃၀ ၃။ နေ့ခင်းခေတ်တေးသေသာ
- ၄:၄၀ ၄။ အမျိုးပြိုင်ပွဲ
- ၄:၅၀ ၅။ အဆေးသင်တာ့ဘွဲ့သိုလ် ပညာရေး ရပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၁၅ ၆။ ဗျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၂၀ ၇။ တေးဂီတအစီအစဉ်
- ၅:၃၅ ၈။ ယဉ်တစ်ကိုယ်မယ် **လန်းလည်းလန်းတယ် လွှမ်းလည်းလွှမ်းတယ်** မန်းကျော်၊ တိုင်းကျော်၊ ဆုထက်ကိုရွှေ (၁ရိုက်တာ-ဓော်ဘုန်မိုး)
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ သုတာရ်လင်ရှောဘက်ရှင်
- ၇:၀၀ ၁၂။ နိုင်ငံခြားဓာတ်လမ်းတွဲ **အချစ်ဆုံးတစ်ယောက်တည်း** (အပိုင်း-၁၂)
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
  - ၁၄။ နိုင်ငံတကာသတင်းများ
  - ၁၅။ မိုးလေဝသအခြေအနေ
  - ၁۶။ နိုင်ငံခြားဓာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ**(အပိုင်း-၄၉)
  - ၁၇။ သီချင်းချစ်သူ
  - ၁၈။ အစီအစဉ်ပြီး၏။

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် ၃၂ ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် ၃၂ ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ အဆိုပါ မဂ္ဂဇင်းတွင် မင်းယုဝေ၊ တက္ကသိုလ်မြတ်သူ၊ သူရစော်၊ ဇော်ဝီ၊ ဦးမြင့်မိုင်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ မြတ်လွမ်းနောင်(ပုတီးကုန်း)တို့၏ကဗျာများ၊ မောင်သွေးသန်း၊ မောင်ပညာကျော်၊ စိုးထက်ကျော်၊ မောင်ကျော်ဟိုး(မဟာဝိဇ္ဇာ)၊ တက္ကသိုလ်တင်မ၊ ကေတုဒိုလား၊ စောမုံညီး၊ မင်းကြွေရိုန်၊ ဒေါက်တာလှမောင်(စီးပွားရေး)၊ ခင်ဇ (စက်မှု)၊ ပါမောက္ခဒေါက်တာကဲညွန့်၊ နီဦမိုး(အညာတက္ကသိုလ်)၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)တို့၏ သုတဆောင်းပါးကဏ္ဍာ၊ စန်းနီလာဝင်း၏ ကဏ္ဍာ ဂန္ဓဝင်ဝတ္ထုတို့ကဏ္ဍာ၊ လေးဝတီကျော်၏ နိုင်ငံတကာသုတရေးရာကဏ္ဍာ၊ ညွန့်ဟ (ကြူတောဝ)၊ ဆင်ဖြူကျွန်းမြင့်သိန်းတို့၏ လူငယ်ကဏ္ဍာ၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၊ ပုဂံချေးကြည်၊ ထားမြတ်မာ(မြန်မာစာ)၊ ကြည်ကြည်စိန်၊ ဂီတစာဆိုမောင်ဖျိုးသူ၊ ဆောင်ရန်နိုင်(B.Sc)တို့၏ရသဝတ္ထုတိုကဏ္ဍာ၊ ပါမောက္ခ ဦးဆေးမောင်၏ မြန်မာ့ဂန္ဓဝင်ဝတ္ထုတိုကဏ္ဍာ၊ ဦးဆေးကို(ယမ်နာ)၏ဗုဒ္ဓဝင်ကြေးမုံ ဝတ္ထုတိုကဏ္ဍာ၊ မောင်မောင်စိန်း(ရန်ကုန်တက္ကသိုလ်)၊ ဦးခင်မောင်မြ(BA.BL)၊ တက္ကသိုလ် လုကြွယ်တို့၏အင်္ဂလိပ်ဆောင်းပါးကဏ္ဍာ၊ မောင်ဝီဒီယာ၊ ကိုရွှေတောသားတို့၏ ဟာသကဏ္ဍာ၊ ကြေကြေ၊ တင်ဆောင်နီ၊ မြေခာ၊ သစ်ထွဏ်း၊ မောင်မောင်စန်းလွင်တို့၏ ကာတွန်းကဏ္ဍာတို့ စုံလင်စွာ ဖော်ပြပါရှိသည်။ စာမူများ၊ ကြော်ငြာများ ထည့်သွင်း လိုပါက စာတည်းမှူးချုပ် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် ၄၅၅/၄၅၇ တက္ကသိုလ် ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့နိုင်ကြောင်း သိရ သည်။ **(သတင်းစဉ်)**

မြိတ်မြို့နယ် တက်လက်ငယ်ကျေးရွာ၌ ကောက်စိုက်စက်ဖြင့် ဤသို့ မိုးစပါး စိုက်ပျိုးနေကြသည်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

မြိတ်မြို့သို့ရောက်သည့်နေ့ မွန်းလွဲ ပိုင်းတွင် မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာဒေါ်မာန်ခန်းမ၌ ကျင်းပသည့် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်ဈာအောင်မြင်ကြ သည့် ကျောင်းသား ကျောင်းသူများ၊ သက်ကြားမှ ထူးချွန်ဆုရ ဆရာ ဆရာမများ နှင့် အောင်ချက်အကောင်းဆုံးကျောင်း နှင့် မြန်နယ်တို့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခွင့်ရခဲ့ သည်။

အောင်ချက်

တနင်္သာရီတိုင်းသည် တက္ကသိုလ်ဝင် တန်း အောင်ချက်ရာခိုင်နှုန်းတွင် အစဉ်အလာ ကောင်းသော တိုင်းတစ်တိုင်းဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ ဒုတိယ အောင်ချက်အကောင်းဆုံးတိုင်းဖြစ်ကြောင်း သိရသည်။

မျက်စိတစ်ဆုံး

ဧပြီလ ၉ရက် နံနက်က မြိတ်-တနင်္သာ ရီ-ဘုတ်ပြင်း-ကော့သောင်းလမ်းအတိုင်း ဓော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ လမ်းကား ၀/ယာတစ်လျှောက် စပါးခင်း များ၊ ဆီးအုန်းပင်များနှင့် ရော်ဘာပင်များကို မျက်စိတစ်ဆုံးမြင်ရသည်။ ရော်ဘာပင်ပျိုး များမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ နောင်တစ်ချိန်ကျင် မွန်ပြည်နယ်ထက်ပင် ရော်ဘာအထွက်ရှိန်း ကောင်းလာမိုင်သည်ဟု ခရီးစဉ်၌ အတူပါလာသည့် မိတ်ဆွေတစ်ဦး က ခန့်မှန်းပြောဆိုသည်။

မိုးစပါး

မြိတ်မြို့နယ် တက်လက်ငယ်ကျေးရွာ ၌ ကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုး နေမှုကို ကြည့်ရှုလေ့လာပြီး မြိတ်မြို့သို့ နောက်ကြောင်းပြန်လှည့်ခဲ့ကြသည်။



ပြီးစီးမှု

မြိတ်မြို့သစ်သို့ ရောက်သောအခါ နံနက် ၁၀နာရီကျော်နေလေပြီ။ ကောင်းကင် တွင် မိုးသားတိမ်လိပ်တို့ စုဖွဲ့နေသော်လည်း ချက်ချင်းမိုးရွာချမည့် အရိပ်အယောင်တော့ မပြသေးချေ။ မြိတ်မြို့သစ် စီမံကိန်း လုပ်ငန်းခွင်ကို မြိတ်မြို့သစ်ဖွဲ့စည်းတည် ဆောက်ရေး စီမံကိန်းရုင်းလင်းဆောင်ရေးမှ ကြည့်ရှုလေ့လာခွင့်ရသည်။ အပေါ်စီး မြင်ကွင်းဖြစ်၍ စီမံကိန်းဧရိယာအတွင်း အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကောင်းစွာမြင်ရသည်။

အချက်အချာ

မြိတ်မြို့သည် စီးပွားရေးအချက်အချာ ကျသော မြို့ဖြစ်ခြင်း၊ ဆက်သွယ်ရေးလမ်း ကြောင်းများ ပိုမိုကောင်းမွန်လာခြင်း၊ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝခြင်း၊ ခရီးသွားလုပ်ငန်းများကို ဆွဲဆောင်မှုရှိသည့် သာယာလှပသော သဘာဝပတ်ဝန်းကျင်များ ရှိခြင်း၊ ရေလုပ်ငန်း၊ စိုက်ပျိုး/ မွေးမြူရေး လုပ်ငန်း၊ သယံဇာတပို့ဆောင်ရေးနှင့် ဒေသ ထွက်ကုန်ဆိုင်ရာ စက်မှုလုပ်ငန်းများစသည့် စီးပွားရေးအခြေခံကောင်းများ တည်ရှိနေ ခြင်းတို့ကြောင့် လူဦးရေတိုးတက်များပြား လာပြီး မြို့ဧရိယာသည် တိုးတက်လာသည့် လူဦးရေနှင့် မမျှမတဖြစ်လာခဲ့ခြင်း၊ လူဦး ရေ တိုးတက်လာမှုနှင့်အတူ အိမ်ခြေများ ထူထပ်များပြားလာသော်လည်း မြို့ပြအခြေ ခံ အဆောက်အအုံများဖြစ်သည့် လမ်းမကြီး နှင့် လမ်းသွယ်များ၊ ရေ/ရေဆိုးစနစ်၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုစနစ် စသည် များနှင့် အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံ တို့ကို မြို့အင်္ဂါရပ်နှင့်အညီ ထပ်မံတိုးချဲ့ရန် ဖြေနေရာ အခက်အခဲများ ကြုံတွေ့နေခြင်း တို့ကြောင့် မြိတ်မြို့သစ်တည်ဆောက်ရန် ဆုံးဖြတ်ပြီး မြို့ရွာနှင့် အိုးအိမ်ပွဲ့ဖြိုးရေး ဦးစီးဌာနသည် မြိတ်မြို့သစ်တည်ဆောက် ရန် အလားအလာကောင်းသည့်နေရာကို ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

မြိတ်မြို့သစ်သည် မြိတ်မြို့တစ်ဖက် ကမ်းရှိ အထူးဆိပ်နှင့် ကာဂင်းရွာပတ်လမ်း ကျင်၌ တည်ရှိသည်။ မြိတ်မြို့မှ မြိတ်-ထားဝယ်လမ်းအတိုင်း ကျွဲကူး-ကျောက်ဖျာ တံတားကို ကျော်ဖြတ်ပြီးလျှင် မြိတ်မြို့သစ် သို့ ရောက်ရှိသည်။

အိမ်ရာ

မြိတ်မြို့သစ်ဧရိယာအတွင်း ကျောက် ဖျာ၊ ကာင်း၊ အဒွင်း၊ လွတ်လွတ်နှင့် အထူးဆိပ်ကျေးရွာများ ပါဝင်သည်။ မြိတ်မြို့သစ် တည်ဆောက်ရေးစီမံချက်အရ လူနေရပ်ကွက်ဈေး၊ စီးပွားရေးဈေး၊ စက်မှုဈေး၊ အုပ်ချုပ်မှုဈေး၊ ဆိပ်ကမ်းနယ်မြေဈေးနှင့် ပညာရေးဈေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီး အယန်းဖြေခန်းနှင့် နားနေ ဈေး၊ ကျန်းမာရေးဈေးနှင့် အဆင့်မြင့်-အိမ်ရာ စီမံကိန်းဈေးတို့ကို ဆက်လက်အကောင် အထည်ဖော်သွားရန် စီစဉ်ထားကြောင်း သိရသည်။

မြိတ်မြို့သစ်အနီးတွင် နည်းပညာ တက္ကသိုလ် (မြိတ်)ကို တည်ဆောက်ပြီးစီး နေပြီဖြစ်၍ ကျွမ်ဗျုတာတက္ကသိုလ် (မြိတ်) အဆိ တိုးချဲ့သတ်မှတ်နဲပြီးဖြစ်ကြောင်း သိရသည်။

ကြည့်ရှုလေ့လာ

မြိတ်မြို့သစ်ကို ရှင်းလင်းဆောင် တည်ရှိရာ တောင်ကုန်းထက်မှ ကြည့်ရှု လေ့လာပြီးနောက် မြိတ်မြို့သစ် ဆိပ်ကမ်း နယ်မြေရှိ အဆူးဝါစိုးကုမ္ဗဏီ၏ ကွန်က ရစ် ဆိပ်ခံတံတားနှင့် ကုန်မှုဆည်းသိုလှောင် ရုံ တည်ဆောက်နေမှုကိုလည်းကောင်း၊ ကြိုင်လင်းဆောင်ကုမ္ဗဏီ၏ အခိုင်အမာ သစ်သားဆိပ်ခံတံတားဌာ စက်လေများ ပေါ်သို့ ကုန်ပစ္စည်းများ တင်နေမှုကို လည်းကောင်း ကြည့်ရှုလေ့လာခွင့်ရခဲ့ သည်။

ထင်ဟပ်

ကျွဲကူး-ကျောက်ဖျာတံတားတည် ဆောက်နိုင်ခြင်းသည် မြိတ်မြို့နှင့် ထားဝယ်မြို့တို့ကို ဆက်သွယ်သွားလာ ရေး တစ်ခေတ်ဆန်းစေခဲ့သည်။ ကျွဲကူး-ကျောက်ဖျာတံတားသည် တနင်္သာရီတိုင်း အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် နိုင်ငံတော်က ထားရှိသော စေတနာကို အထင်အရှား ထင်ဟပ်ပြသနေခြင်းပင် ဖြစ်ပါကော့ သည်။ ။ **(သတင်းစဉ်)**

မြိတ်မြို့သစ် စီးပွားရေးနေ့တွင် အဆောက်အအုံများ ဆောက်လုပ်နေမှုကို အပေါ်စီးမှ ဤသို့တွေ့ရသည်။ (သတင်းစဉ်)

မြိတ်မြို့သစ် သမုတ်မြစ်ဆိပ်ကမ်းနယ်မြေရှိ အဆူးဝါစိုးကုမ္ဗဏီ၏ ကွန်ကရစ် ဆိပ်ခံတံတား၌ စက်လေကြီးများ ဆိုက်ကပ်နေမှု မြင်ကွင်းအလှ....။ (သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့်ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေးဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ သာမန်တုပ်ကွေးရောဂါနှင့် ယခုကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဘယ်လိုခွဲခြားသိနိုင်ပါသလဲ။

ဖြေ။ ။ သာမန်အားဖြင့် ရောဂါလက္ခဏာချင်း ဆင်တူပါသည်။ ရာသီတုပ်ကွေးရောဂါသည် ရာသီအလိုက် မကြာခဏ ဖြစ်ပေါ်နေသဖြင့် လူများတွင် ကိုယ်ခံစွမ်းအား အတိုင်းအတာတစ်ခုအထိရှိနေပြီး၊ ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှု ရှိသူများတွင် ဖြစ်ပွားပါက ပြင်းထန်ပြီး အသက်ဆုံးရှုံးမှု ဖြစ်နိုင်ပါသည်။

သို့သော် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ပိုးအသစ်ဖြစ်သောကြောင့် မည်သူ့တွင်မှ ကိုယ်ခံစွမ်းအားမရှိပါ။ ထို့ကြောင့် ရောဂါလက္ခဏာ ပိုမိုပြင်းထန်ပြီး အသက်အရွယ်မရွေး လူအားလုံးတွင်ဖြစ်နိုင်ကာ ရာသီတုပ်ကွေးကဲ့သို့ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှုရှိသူများတွင် အသက်ဆုံးရှုံးမှု များပြားနိုင်ပါသည်။ ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့်သာ ရောဂါခွဲခြားသိရှိနိုင်ပါသည်။

မေး။ ။ တုပ်ကွေးရောဂါဖြစ်သူတိုင်း ဤရောဂါပိုးအား စစ်ဆေးရန် လိုအပ်ပါသလား။

ဖြေ။ ။ တုပ်ကွေးရောဂါဖြစ်လျှင် နီးစပ်ရာဆေးခန်း၊ ဆေးရုံများနှင့် ကျန်းမာရေးဌာနသို့ ပြသရန် လိုအပ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုအပ်ပါက ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကွင်းဆင်းဆောင်ရွက်

သံတွဲမြို့ အမှတ် (၁)ရပ်ကွက်နှင့် အမှတ် (၄)ရပ်ကွက်တို့တွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ရေတွင်းများ၌ (Bleaching Powder)ဆေးမှုန့်ခတ်ခြင်း ကို ညဘက် ၁ရက်က ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးခင်မောင်မြင့်၊ မြို့နယ်ကျန်းမာရေးမှူး ဦးခင်စိန်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ကျောင်းကျန်းမာရေးသီတင်းပတ် ဟားခါး၌ဆောင်ရွက်

၂၀၀၉-၂၀၁၀ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် လုပ်ရှားမှု ကျန်းမာရေးပညာပေးဟောပြောပွဲကို ဩဂုတ် ၁၁ရက် နံနက် ၁၀ နာရီက ဟားခါးမြို့အထက(၁)၌ ကျင်းပသည်။ အခမ်းအနားတွင် ကျန်းမာရေးဌာနမှ ဆရာဝန်ကြီးများက တစ်ကိုယ်ရေသန့်ရှင်းမှုအကြောင်း ဟောပြောပြီး ဆက်လက်၍ ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သန့်ရှင်းရေးတိုက်ဆွဲကျင်းခြင်းများ ဆောင်ရွက်ကြသည်။ (ပြည်နယ် ပြန်/ဆက်)

ပြည်ခရိုင် ပြန်/ဆက်ရုံး၌ စာဖတ်ပိုင်းကျင်းပ

ပုံမှားတိုင်း(အရောက်ပိုင်း) ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာနရုံးတွင် ဩဂုတ် ၁၁ရက် မွန်းလွဲ ၁ နာရီက စာဖတ်ပိုင်းကျင်းပရာ ဇူလိုင် ၂၇ရက်နှင့် ၂၄ရက်တုတ် မြန်မာ့အလင်းသတင်းစာပါ လုသစ်၏ ပြည်သူ့ဆန္ဒကို ဖြော်ဖြောင့်ကြီးဆန့်ကျင်ရေးများ ဝိုင်းလန်းဖယ်ရှား ဆောင်ပါးကို ရုပ်သံကျွန်းကျင်(၃) ခေါ်ဥမ္မာ ကျော်နှင့် စာတမ်းဖတ်ကျင်(၂) ဦးမျိုးကျော်တို့က ဆွေးနွေးပြီး (ဈေး)မစ်ဦးစီးအရာရှိ ခေါ်စန်းတင့်က ပြန်လည်သုံးသပ် ဆွေးနွေးသည်။

(ခရိုင် ပြန်/ဆက်)

မင်းတိုင်ပင် ရွာလယ်လမ်းမကြီး စုပေါင်းပြုပြင်

စံရွာခရိုင် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မင်းတိုင်ပင်ကျေးရွာအတွင်းရှိ မုံရွာ-ပုလဲ-ဂန့်ဂေါ်ကားလမ်းမကြီး လမ်းသေးဝယ်ဟု ရြေဦ၊ ဓြေဖို့ပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင် ၃၁ရက်က အဆိုပါကျေးရွာရှိ ကျန်းမာရေးဆေးခန်း၊ ဗီးသတ်အဆောက်အအုံနှင့် ကျေးလက်ရေးရွေ့တို့၌ စုပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မန္တလေး(မထသ) လုပ်အားယှဉ်ပြိုင်မှုဆုပေး

မန္တလေးတိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းရုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)စီမံမှုဖြင့် မော်တော်ယာဉ်အသင်းများအား ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် လုပ်အားယှဉ်ပြိုင်မှုဆုနှင့် လုပ်အားဆုရကြေးနှိုးမြှင့်ပွဲကို ဇူလိုင် ၂၈ရက်က မထသ(မြို့တွင်း) အရည်အသွေးခန်းမ၌ ကျင်းပရာ တိုင်းအတွင်းရေးမှူး ဦးခင်ဝေတင်သန်းက အမှာစကားပြောကြားပြီး လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆုကြေး ကျပ် သိန်း ၂၀၀၀ကို ဆုရမော်တော်ယာဉ်များအား ပေးအပ်သည်။ *(ဝရ၂)*

မြို့သာယာလုပရေး သဲကုန်း၌ဆောင်ရွက်

သဲကုန်းမြို့သာယာလုပရေးနှင့် စီမံလမ်းမိုပြည်ရေးအတွက် မြို့အဝင် ရေယာဉ်ရှခင်း အလှပြုပြင်ခြင်း၊ လမ်းလယ်ကျွန်း ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် မြို့တွင်းရှိလမ်းဘေးသို့ ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို ဇူလိုင် ၂၄ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးသက်မိုင်ဦး ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးဓောင်ဓောင်သွင်က ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

(မြို့နယ်ဝည်ပင်)

ပခုက္ကူ-ကြက်ခြေနီ စီမံခန့်ခွဲရေးသင်တန်းဖွင့်

ပခုက္ကူမြို့နယ် ကြက်ခြေနီအသင်းက ဦးဆောင်၍ လုထုအခြေပြုကားဒုက္ခ ဆိုင်ရာ စီမံခန့်ခွဲရေး(ဆင့်မြှင်း)သင်တန်း (၄/၁၀၉)ကို ဩဂုတ် ၈ရက်မှ ၁၅ရက်အထိ ပခုက္ကူမြို့နယ် ကုန်းရွာကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြကြောင်း သိရသည်။ *(ဝဂ၀)*

ထားဝယ်မြို့ သာယာလုပရေးဆောင်ရွက်

ထားဝယ်မြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့ပန်းခြံတွင် ဇူလိုင် ၃ရက်က အဖွဲ့ဝန်ထမ်းများ ဧရိယာခွဲဝေပြီးအလှပြုပြင်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဆောင်ကျော်မိုး ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ *(မြို့နယ်ဝည်ပင်)*

မိုးညှင်း မိခင်နှင့်ကလေး အာဟာရကျွေးမွေး လျှုဒါန်း

မိုးညှင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥဇွာ၌ ခေါ်သီတာ သန်းစိုးဦးနှင့် အသင်းဝင်များသည် ဇူလိုင် ၂၄ရက်က အထက(ခွဲ) ဆုတ်ကျင်းကျောင်း၌ ပညာသင်ကြားနေသည့် မူလတန်း ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးပြီး ကျောင်းသားများအတွက် ဗလာစာအုပ်နှင့်ခဲတံများကို ကျောင်းအုပ်ဆရာမကြီး ခေါ်အုန်းယဉ်ထံ ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်ရွှေမြို့ မြို့မရေးရောင်းချမှုစစ်ဆေး

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် ဈေးဆက်မပြတ် လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၈ရက်က (ညောင်ရွှေရေကန်) တွင် အမှုဆောင်အရာရှိ ဦးလင်းတွင့် ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများက မြို့မစည်ပင်ရေးအတွင်း ရေးရောင်းချမှု စနစ်တကျ ရှိမရှိ ကြည့်ရှုစစ်ဆေးသည်။ *(ဝ၂၁)*

မြင်းမှဉ့် မှုခင်းကျဆင်းရေးဟောပြော

မြင်းမူမြို့နယ် ရဲတပ်ဖွဲ့က ရွှေရောင်းချသည့်မိုင်းများအား လုယက်မှုမခံရစေရေး၊ မှုခင်းကျဆင်းရေး ဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၆ ရက် မွန်းလွဲ ၂ နာရီက စခန်းမှူးဗိုလ်မှူးခန်းဖိုကျင်းပရာ မြို့နယ်ဥဃုတ္တ ဦးကျော်သောင်းက အဖွဲ့အစည်းကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးရန်အောင်နှင့် စခန်းမှူး ရဲအုပ်သောင်းတင်တို့က မှုခင်းပညာပေး ဟောပြောကြသည်။ *(ဝဂ၅)*

နယ်စပ်/စည်ပင်ဝန်ကြီး ပိုလ်မှူးကြီးသိန်းညွှန့် လပွတ္တာခရိုင်နှင့် မြို့နယ်မှလူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၃

နယ်စပ်ဧေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွဲ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့် သည် ဩဂုတ် ၉ ရက်က ဧရာဝတီတိုင်း လပွတ္တာမြို့ရှိ ရွေးနဒီခန်းမ၌ ကျင်းပသည့် လပွတ္တာခရိုင်နှင့် မြို့နယ်တို့မှ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက် ခေးခုမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်စီ ဝင်များနှင့် တွေ့ဆုံခွဲသို့ တက်ရောက်ရာ ရှေးဦးစွာ မြို့မိမြို့ဖ ဦးညွန့်တင်က မြို့နယ် အတွက် လိုအပ်ချက်များကိုတင်ပြပြီး ဝန်ကြီး က အမှာစကားပြောကြားကာ တင်ပြချက် များအပေါ် လိုအပ်ချက်များကို ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် သြဂုတ် ၁၀ရက်တွင် လပွတ္တာမြို့၌ တည်ဆောက်ပြီးစီးသွားသည့် ရွေးနဒီဈေးသို့ရောက်ရှိ၍ ဈေးရုံများနှင့် ဈေးဆိုင်ခန်းများ ခင်းကျင်းရောင်းချမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်ချက်များကို မှာကြား သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးအား ရွေးနဒီဈေး တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်တွင် သိဏ်းဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးသိန်းဆောင်က ဈေးဆောက် လုပ်မှု အခြေအနေများနှင့် ဈေးဆိုင်ခန်းများ ရောင်းချရမှုမှ အခြေအနေများကို ရှင်းလင်း တင်ပြပြီး ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဈေးဆိုင်ခန်း လိုအပ်ချက်အရ ဆက်လက် ဆောက်လုပ် နိုင်ရေး မှာကြားသည်။

ဆောက်လုပ်သွားမည်

လပွတ္တာမြို့ ရွေးနဒီဈေးပေါ် ကုန်စိမ်း ဈေးမှာ ၂၀၀၄ ခုနှစ်တွင် မီးလောင်ခဲ့ပြီး နောက် ပြန်လည်နေရာချထားနိုင်ခြင်း မရှိ သည့် ဈေးဆိုင်ခန်းများကို နေရာချထားနိုင်ရေးအတွက် လပွတ္တာမြို့ရှိ ကမ်းနားလမ်း၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် သိဏ်းဆောက်လုပ်ရေးကုမ္ပဏီက ပထမအဆင့်တွင် ဈေးဆိုင်ခန်း ၁၆၀ ကို ဆောက်လုပ်ပြီးစီးခဲ့ပြီး ဆက်လက်၍ ဈေး ဆိုင်ခန်း ၁၆၀ ကို ဆောက်လုပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

အမှာစကားပြောကြား

ဆက်လက်၍ ဝန်ကြီးသည် ပန်းတနော် မြို့နယ်ခန်းမတွင် မြို့နယ်မှ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်နှင့် ကျေးရွာဆေးခေါင်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကော်စီဝင်များနှင့်တွေ့ဆုံသို့ တက်ရောက် ရာ ရှေးဦးစွာ ရပ်မိရပ်ဖများက ရပ်ကွက် နှင့် ကျေးရွာအလိုက် လိုအပ်ချက်များကို တင်ပြကြပြီး ဝန်ကြီးက အမှာစကား ပြောကြားသည်။

တက်ရောက်

ထိုမှတစ်ဆင့် ဝန်ကြီးသည် ညောင်တုန်း မြို့သို့ရောက်ရှိပြီး ညောင်တုန်းမြို့နယ်ခန်းမ တွင် မြို့နယ်မှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်နှင့် ကျေးရွာဆေးခေါင်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကော်စီဝင်များနှင့်တွေ့ဆုံပွဲသို့ တက်ရောက် ရာ ရပ်မိရပ်ဖများက ရပ်ကွက်နှင့် ကျေးရွာအလိုက် လိုအပ်ချက်များကို တင်ပြကြပြီး ဝန်ကြီးက အမှာစကား ပြောကြားပြီး ပြည်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

> **နယ်စပ်ဧေသနှင့် တိုင်းရင်းသားလူမျိုးများ၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့် လပွတ္တာမြို့၌ တည်ဆောက်ပြီးစီးသွားသည့် ရွေးနဒီဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။** (နယ်စပ်/စည်ပင်)

အချစ်ဟု အဓိပ္ပာယ်သက်ရောက်ခြင်းမရှိစေရ ဆက်လက်ပြသ

ကိုကြီးဖိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် သြဂုတ် ၁၃

အချစ်ဟုအဓိပ္ပာယ် သက်ရောက်ခြင်းမရှိစေရ ဇာတ်ကားမှာ သမ္မတနှင့် သွင်ရုံ နှစ်ရုံသာ ကျန်တော့သည်။ မင်္ဂလာရုံတွင် Fast Furious -4 ဇာတ်ကား ပြန်လည် ရုံတင်လာပြီး ရေ့ဆောင်ရုံတွင် Shinjuku Incident ဇာတ်ကား ဆက်လက်ပြသနေသဲ့ ဖြစ်သည်။ ပြီးခဲ့သည့် သောကြာပတ်က ရုံတင်လာသော Transformers-2 မှာ နေပြည်တော်ရုံတွင် ရုံဝင်ကောင်းလျက်ရှိသည်။

အိန္ဒိယဇာတ်ကားများ

မြို့မရဲ့တွင် DonN0-1 ဇာတ်ကား ရုံဝင်လာသည်။ ရဲအရာရှိသားက

> **အချစ်ဟု အဓိပ္ပာယ် သက်ရောက်ခြင်း မရှိစေရ ဇာတ်ကားမှ ပန်းဖြေ။**

မတရားမှုများကို ချေမှုန်းရင်း ပြည်သူ့အများ စု၏ လေးစားအားကိုးရာ ဖြစ်လာရာမှ DonN0-1 အဖြစ် ကျော်ကြားလာပုံများကို ရိုက်ကူးထားသော အက်ရှင်ဇာတ်ကား ဖြစ် သည်။ မြို့လယ်ဘုရင်ရဲ့တွင် မင်းသား ဆာလိမ်ခန်း ပါဝင်ထားသော Tere Naam ဇာတ်ကား ပြသနေသည်။ ဘဝတွင် ဆထင်မှတ်ဘဲ ဖြစ်တတ်သောသောဘောများကို ဇာတ်လမ်းဆင်ရိုက်ကူးထားသော အက်ရှင် ဒရာမာ ဇာတ်ကားဖြစ်သည်။ ဆုထူးပန်ရဲ့ တွင် မင်းသားဒီသစ်ရိုရှန်နှင့် မင်းသမီး အဓိရာပဝေးတို့ ခေါင်းဆောင်ပါဝင်ထား သော Kaho Noa Pyaar Hai ဇာတ်ကား ရုံဝင်လာသည်။

ကြောက်လိုက်ကြို့ သူငယ်ချင်း

ဒါရိုက်တာ ဓောင်မျိုးမင်း(ရင်ကွင်း ဖြစ်) ရိုက်ကူးပြီး နေဗိုး၊ နန္ဒာလှိုင်း၊ နေသန်း နှင့် ဖူးဖူးတို့ အဓိက ပါဝင်ထားသော **ကြောက်လိုက်ကြို့ သူငယ်ချင်း** အဆင့် မြင့် မြန်မာဒီဗီယိုဇာတ်ကားမှာ ရွှေမန်း၊ စံပြ၊ သီတာ၊ မြရတနာနှင့် မင်းရန် အောင်ရဲများတွင် ဆက်လက်ပြသနေသဲ့ ဖြစ်သည်။ ။

> **ကြောက်လိုက်ကြို့ သူငယ်ချင်း ဇာတ်ကားမှ ဇာတ်ဝင်ခန်း ရိုက်ကူးမှု။**

(မြန်မာ့အလင်း)

ငြိမ်းချမ်းသာယာ ဂေါက်ကွင်း၌ တစ်ချက်တည်း ကျင်းဝင်ခဲ့

မိုးမိတ် သြဂုတ် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးမိတ်မြို့မှ ဦးဘိုးသောင် (သစ်လုပ်ငန်းရှင်)သည် ကစားဖော် များဖြစ်ကြသော မြင့်သိန်း (ဒုတိယရဲမှူး-မြန်မာနိုင်ငံရဲတပ်ဖွဲ့)၊ ဦးရိုးမြင့် (၀ဆင)၊ ဦးမောင်ဓောင်နိုင်၊ ဦးစောမိမျိုးနိုင်(မိုက်ကရို)တို့နှင့်အတူ ငြိမ်းချမ်းသာယာဂေါက်ကလပ်တွင် ဧပြိုလ် ၃၁ရက်က ကစားကြရာ ဂေါက်ရိုက်တုတ်- PGE. LS 200. Iron N0.6 ဖြင့် Tour Special No.2 ဂေါက်သီးကိုရိုက်လိုက်ရာ ၁၂၅ကိုက်အကွာရှိ ကျင်းအမှတ် (၂) သို့ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မေတ္တာကို မေတ္တာနှင့်သာ

မန်းသာစိန်(ဟပွန်)

အခုတလော ပြည်တွင်းပြည်ပ မီဒီယာတွေမှာ ကျွန်တော်တို့နိုင်ငံနဲ့ ပတ်သက်ပြီး အရမ်းဟော့(hot) ဖြစ်နေတဲ့ ဂျွန်ဝီလီယံယက်တောနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ အမှုကိစ္စကို တရားရုံးက အပြီးသတ်စီရင်ချက် ချမှတ်ခဲ့ပြီးပါပြီ။ ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ချမယ်ဆိုရင် ဘာဖြစ်မယ်၊ ညာဖြစ်မယ်၊ ဘာလုပ်မယ်၊ ညာလုပ်မယ်ဆိုပြီး မီဒီယာပေါင်းစုံက လှုံ့ဆော်ကြ၊ သွေးထိုးကြ၊ အခါတော်ပေးကြနဲ့ဆိုတော့ ကျွန်တော်တို့လည်း ဆူဆူပူပူ ရုတ်ရုတ်သဲသဲတွေများ ထပ်ဖြစ်ဦးမလားဆိုပြီး ပူပန်မိတာ အမှန်ပါ။ အခုတော့တရားရုံးရဲ့ စီရင်ချက်အပေါ်နိုင်ငံတော်အကြီးအကဲရဲ့ ထောက်ထားစာနာ ညှာတာမှု ပြသလိုက်တဲ့ အဆုံးအဖြတ်တွေကြောင့် သားရွှေအိုးထမ်းတဲ့ကိန်း ဆိုက်ခဲ့ပြီး ကျွန်တော်တို့ပြည်သူအားလုံး ရင်အေးခဲ့ရပါပြီ။

အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်ပြီး တရားရုံးရဲ့ အဆုံးအဖြတ် ဘယ်လိုများ ဖြစ်လာလေမလဲဆိုပြီး အားလုံးက စိတ်ဝင်စားခဲ့ကြပါတယ်။ တရားရုံးမှာ သက်သေထွက်ဆိုချက်တွေ၊ စစ်ဆေးချက်တွေကို နေ့စဉ်သတင်းစာတွေမှာ ဖော်ပြပေးနေတဲ့အတွက် အမှုသွားအမှုလာကိုလည်း သုံးသပ်နိုင်ခဲ့ကြပါတယ်။ ဘာပဲဖြစ်ဖြစ် ပြစ်မှုထင်ရှားရင်တော့ တရားရုံးက တည်ဆဲဥပဒေများနဲ့အညီ ကျောသားရင်သား မခွဲခြားဘဲ အပြစ်ပေး အရေးယူတာကို ခံရမှာပဲဆိုတာကိုလည်း အများက လက်ခံထားကြပါတယ်။ တရားဥပဒေရဲ့ အထက်မှာ ဘယ်သူမှ မရှိနိုင်ဘူး မဟုတ်လား။

လိုရင်းပြောရရင် ဩဂုတ်လ ၁၁ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်တို့ အမှုကို အပြီးသတ် စီရင်ချက်ချမှတ်ခဲ့ပါတယ်။ အဲဒီလို စီရင်ချက်ချမှတ်ရာမှာ တရားခံများရဲ့ရှေ့နေတွေ၊ တရားလိုဘက်မှ ပါဝင်ဆောင်ရွက်ကြတဲ့ ဥပဒေအရာရှိတွေအပြင် ရန်ကုန်အခြေစိုက် သံရုံးများနဲ့ ထိုင်းနိုင်ငံအခြေစိုက် သံရုံးတချို့က သံအမတ်ကြီးတွေ၊ သံမှူးတွေ၊ UNDPဌာနေကိုယ်စားလှယ်၊ ပြည်တွင်းပြည်ပ သတင်းထောက်တွေလည်း စုံစုံညီညီ တက်ရောက်လေ့လာခွင့် ရခဲ့ကြပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးက ဒေါ်အောင်ဆန်းစုကြည်အပေါ် ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ(၂၂)အရ အလုပ်နှင့် ထောင်ဒဏ်(၃)နှစ် ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။

သို့သော် အဲဒီလို ပြစ်ဒဏ်ချမှတ်ပြီးလျှင်ပြီးချင်းမှာပဲ MRTV, MRTV-4 တို့ကနေ အထူးသတင်းတစ်ရပ် ထုတ်လွှင့်ကြေညာပေးလိုက်တဲ့ အချိန်မှာ ကျွန်တော်တို့ပြည်သူအားလုံး ဘဝင်နွေးပြီး ရင်အေးသွားကြရတာ အမှန်ပါပဲ။ အားလုံးအတွက် အမှန်တကယ် လိုအပ်တဲ့ အချိန်မှာ အမှန်တကယ် လိုအပ်နေတဲ့ရလဒ်ကို ဆောင်ကြဉ်းပေးနိုင်ခဲ့တဲ့ မင်္ဂလာသတင်းပါပဲ။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို တရားရုံးက အပြီးသတ် စီရင်ချက်မချမှတ်မီ တစ်ရက်ကြိုတင်ပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ လျှော့ပေါ့ ပြောင်းလဲခြင်း၊ ဆိုင်းငံ့ခြင်းနှင့် ကောင်းမွန်စွာ နေထိုင်ပါက လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းဆိုင်ရာ ညွှန်ကြားချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါတယ်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးကနေ ပြည်ထဲရေးဝန်ကြီးဌာနကို အကြောင်းကြားတဲ့ ညွှန်ကြားချက်ဖြစ်ပါတယ်။ အဲဒီသတင်းကို ရုပ်မြင်သံကြား၊ ရေဒီယိုတွေကနေ အချိန်မဆိုင်း ထုတ်လွှင့်ကြေညာ ပေးသွားခဲ့တာဟာ နိုင်ငံပိုင်မီဒီယာတွေရဲ့ သွက်လက် ထက်မြက်လာမှုကို ပြသလိုက်ခြင်းပါပဲ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ် မလွဲမရှောင်သာဘဲ တရားစွဲဆိုမှုပြုခဲ့ရခြင်းကြောင့် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ခဲ့ရကြောင်း၊ သို့သော်လည်း တရားဥပဒေစိုးမိုးရေးအတွက် တည်ဆဲဥပဒေနဲ့အညီ မှန်ကန်မျှတစွာ တရားစီရင်မှုကို နိုင်ငံသားအားလုံးက လေးစားလိုက်နာ ခံယူကြရမှာဖြစ်ကြောင်း ဖော်ပြထားပါတယ်။ တကယ့်ကို မှန်ကန်လေးနက် တိကျတဲ့ ဖော်ပြချက်ပါပဲ။ နိုင်ငံတိုင်းမှာ ဥပဒေဆိုတာ ရှိနေရမှာဖြစ်ပြီး နိုင်ငံသားအားလုံးကလည်း အဲဒီတည်ဆဲဥပဒေနဲ့အညီ မှန်ကန်မျှတစွာ တရားစီရင်မှုကို လေးစားလိုက်နာ ခံယူကြရမှာသာဖြစ်ပါတယ်။ ဥပဒေသည် နိုင်ငံသားအားလုံးအတွက် တစ်သမတ်တည်းသာ ရှိနေရမှာဖြစ်ပြီး အဖြူအမည်း၊ အစိမ်းအကျက်၊ ကျောသား ရင်သား ခွဲခြားလို့ မရနိုင်ပါဘူး။ ဒါဟာ အင်မတန်အရေးကြီးပါတယ်။

တကယ်တော့ နိုင်ငံတော်အပိုင်းက ဆုံးဖြတ်ချက်ဟာ တရားတယ်၊ မျှတတယ်၊ ထောက်ထားသက်ညှာမှု ရှိတယ်ဆိုတာ ထပ်ပြီးရှင်းဖို့မလိုအောင် ထင်ရှားခိုင်မာနေပါပြီ။ ဒါကို ကျွန်တော်တို့အားလုံး သိပါတယ်။ ကမ္ဘာကလည်း သိပါတယ်။ သို့သော် အချို့သော နိုင်ငံတွေနဲ့ အချို့သော ဆန့်ကျင်ဘက်မီဒီယာတွေက ဒါကို လက်မခံနိုင်ဘဲ ထင်ရာမြင်ရာ ပြောနေ ဆိုနေကြခြင်းဟာ သူ့အကြောင်းနဲ့သူ နောက်ဆုတ်မရနိုင်တော့တဲ့ အခြေအနေမို့လို့ ဇွတ်အတင်း မျက်စိစုံမှိတ်ပြီး ရှေ့ဆက်တိုး နေရခြင်းမျိုးဘဲ ဖြစ်ပါလိမ့်မယ်။ စကားကျွံထားတော့ နုတ်လို့မရနိုင်ဘူး ထင်ပါတယ်။

ဒါပေမယ့် ဒေါ်အောင်ဆန်းစုကြည်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးကို အသက်ပေးပြီး ရယူပေးခဲ့တဲ့ နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး ဖြစ်နေတာရယ်၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့တည်ငြိမ်ရေးကို ရှေးရှုလိုတာရယ်၊ တစ်ဦးပေါ်တစ်ဦး အာဃာတများ မရှိစေရေးအတွက်ရယ်၊ ဒီမိုကရေစီလမ်းကြောင်းမှာ အနှောင့်အယှက် မဖြစ်စေရေးအတွက်ရယ် ဒီလို ရည်ရွယ်ပြီး

ကျွန်တော်တို့ ပြည်သူ အားလုံးကတော့ နိုင်ငံတော်အပိုင်း[...] တဲ့ စေတနာမေတ္တာ၊ ထက်မြက်ပြည့်ဝတဲ့ အမြော်အမြင်နဲ့ [...] မိဘသဖွယ် စိတ်ဓာတ်ကို ပြသပြီး သားရွှေအိုးထမ်း[...] ဆိုက်အောင် အတတ်နိုင်ဆုံး လိုက်လျောသက်ညှာ ဆော[...] ခြင်းဖြစ်ကြောင်း နားလည်ယုံကြည်ကြပါတယ်။ အနာဂတ် လ[...] အတွက် အခွင့်အလမ်းသစ်တွေ ဖြစ်ထွန်းလာနိုင်အောင် [...] ဖန်တီး လမ်းဖွင့်ပေးခဲ့ခြင်း ဖြစ်တယ်လို့လည်း ထင်မြင်ယူဆ[...] တယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူအားလုံးကတော့ တ[...] တစ်ဦးမှာ ဆိုသလို တစ်ချိန်က အာဃာတဟောင်းတွေ၊ ဆ[...] တွေကို သင်ပုန်းချေကြပြီး နိုင်ငံရေးအင်အားစုတွေအားလုံး [...] ဒီမိုကရေစီလမ်းကြောင်းမှာ စုစည်းညီညွတ် ပျော်ရွှင်စွာနဲ့ လက်ညီ လက်တွဲချီတက်နိုင်ကြဖို့ မျှော်လင့်မိပါတယ်။

နိုင်ငံတော်အကြီးအကဲအနေနဲ့ ၄င်းရဲ့လုပ်ပိုင်ခွင့်အာဏာအတွင်းကနေ ဒေါ်အောင်ဆန်းစုကြည်အပေါ် စာနာထောက်ထားညှာတာမှုပြုခဲ့ခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို တရားရုံးအနေနဲ့ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားတွေ့ရှိရပြီး ပြစ်ဒဏ်ချမှတ်ပါက ဘယ်လိုပြစ်ဒဏ် ချမှတ်ထားသည်ဖြစ်စေ တရားရုံးက ချမှတ်ထားတဲ့ ပြစ်ဒဏ်ရဲ့ထက်ဝက်ကိုသာ ကျခံစေဖို့ လျှော့ပေါ့ပြောင်းလဲလိုက်ပြီး ကျန်ရှိတဲ့ ပြစ်ဒဏ်ကိုလည်း ဆိုင်းငံ့လိုက်ပါတယ်။ ပြစ်ဒဏ်ဆိုင်းငံ့ကာလအတွင်း ဒေါ်အောင်ဆန်းစုကြည်ကို မူလအတူနေ (၂)ဦးနဲ့အတူ သူမရဲ့ မူလနေအိမ်မှာပဲ နေထိုင်ခွင့်ပြုခဲ့ပါတယ်။ ဒါ့အပြင် လျှော့ပေါ့ပြောင်းလဲလိုက်တဲ့ ပြစ်ဒဏ်ကျခံရမယ့် အချိန်ကာလထက် မကျော်လွန်တဲ့ အချိန်ကာလအတွင်း စည်းကမ်းနဲ့အညီ ကောင်းမွန်စွာ နေထိုင်သွားမယ်ဆိုရင် ဆိုင်းငံ့ထားတဲ့ ပြစ်ဒဏ်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးသွားမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

ဒီသတင်းကို ကြားသိလိုက်ရချိန်မှာ စေတနာ၊ မေတ္တာရှေ့ထားပြီး အမြော်အမြင်ရှိရှိနဲ့ လိုက်လျောသက်ညှာ ဆောင်ရွက်ပေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲရဲ့ ကျေးဇူးကြောင့် နိုင်ငံနဲ့ပြည်သူရဲ့ တည်ငြိမ်အေးချမ်းမှု မပျက်ယွင်းဘဲ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး ရှေ့ခရီးကို ချောချောမွေ့မွေ့ ရှေ့ဆက်နိုင်တော့မှာကိုတွေးပြီး ကျွန်တော်တို့ ပြည်သူအားလုံး ဝမ်းသာကြည်နူးခဲ့ကြရပါတယ်။

ဒါဟာ တစ်ဖက်က နိုင်ငံတော်မှာ ချမှတ်ထားတဲ့ စည်းကမ်းဥပဒေကို ထိန်းသိမ်းရာရောက်သလို အခြား တစ်ဖက်ကလည်း ဒေါ်အောင်ဆန်း[...]
ထောက်ထားမှုအပြည့်နဲ့ အဆင်အပြေ[...]
ကုန် လိုက်လျောစီစဉ်ပေးခဲ့ခြင်းပဲ ဖြ[...]
တကာ မျက်နှာစာကို ကြည့်ရင်လ[...]
အနေနဲ့ နိုင်ငံတော်ရဲ့ တရားစီရင်ပိုင်ခွင့်[...]
ကို နိုင်နင်းစွာ ထိန်းသိမ်းထားကြောင်း[...]
နိုင်ငံတကာနဲ့ ဒေသတွင်းက ကျွန်တော[...]
လိုလားတဲ့ မိတ်ဆွေများရဲ့ စိုးရိမ်[...]
ဖယ်ရှားပေးရာ ရောက်စေမှာဖြစ်ပါတ[...]
ပေါ်ပေါက်လာနိုင်တဲ့ မတည်ငြိမ်မှုတွေ[...]
မယ့် အရေးကြီးတဲ့ဆုံးဖြတ်ချက်ဖြစ်[...]
ဒီမိုကရေစီလမ်းကြောင်းကို တည်ငြိ[...]
ယွင်းဘဲ ဆက်လက်လျှောက်လှမ်းနို[...]
အသင့်မြတ်ဆုံးအခွင့်အလမ်းလို့လည်း[...]

သေချာပြန်တွေးကြည့်ရင် ဒါဟ[...]
အလိုက်လျောနိုင်ဆုံး သက်ညှာထော[...]
ဖြစ်ပါလိမ့်မယ်။ ဒါဟာ Win-W[...]
ဖြစ်လာအောင် ပုံဖော်ပေးခဲ့ခြင်း ဖြစ်[...]
ဆန့်ကျင်ဘက်အုပ်စုတွေအနေနဲ့ ဒီအ[...]
တည်တည်ငြိမ်ငြိမ်နဲ့ ရှေ့ဆက် ဆော[...]
အခွင့်အလမ်းကောင်းတွေ ဖန်တီး လ[...]
ဖြစ်တယ်လို့လည်း ယူဆနိုင်ပါတယ်[...]

တစ်ဆက်တည်းပြောရရင် [...]
လိုက်တဲ့ ပြစ်ဒဏ်ကျခံရမယ့် အချိန်[...]
လွန်သော အချိန်ကာလအတွင်း စည်းက[...]
စွာ နေထိုင်မယ်ဆိုရင် ဆိုင်းငံ့ထားတဲ့[...]
လွတ်ငြိမ်းချမ်းသာခွင့်ပြုမယ်လို့ ဆိုထ[...]
မိသလောက် ပြောရရင် ဒေါ်အောင်[...]
အေးအေးချမ်းချမ်းသာ နေထိုင်သွားမ[...]
ချမ်းသာခွင့်ဆိုတာ ဖြစ်လာနိုင်တဲ့အ[...]
ဆိုရင် အနာဂတ်ခရီးအတွက် အခွ[...]
မကုန်ဆုံးသေးဘူးလို့ မျှော်လင့်နိုင်ပ[...]

ဒေါ်အောင်ဆန်းစုကြည်အပေါ် [...]
ချမှတ်မှုနဲ့ နိုင်ငံတော်အပိုင်းက ထေ[...]
လိုက်လျောဆောင်ရွက်မှုတွေအပေါ် [...]
အားလုံးအနေနဲ့ လှိုက်လှဲဝမ်းသာစွာ [...]
ပေမယ့် နိုင်ငံအချို့နဲ့ ပြည်ပမီဒီယာ[...]
အတိုင်း ကန့်ကွက်တယ်၊ စိုးရိမ်တယ်၊ [...]
စသဖြင့် မဖြစ်နိုင်တာတွေကို ငါ[...]
ထုတ်လွှင့်နေကြဆဲ ဖြစ်ပါတယ်။ သို[...]

14-8 (08).pmd 1 8/14/2009, 1:24 AM

တစ်ဖက်ကလည်း ဒေါ်အောင်ဆန်းစုကြည်အပေါ် စာနာထောက်ထားမှုအပြည့်နဲ့ အဆင်အပြေဆုံးဖြစ်အောင် အစွမ်းကုန် လိုက်လျောစီစဉ်ပေးခဲ့ခြင်းပဲ ဖြစ်နိုင်ပါတယ်။ နိုင်ငံတကာ မျက်နှာစာကို ကြည့်ရင်လည်း တည်ဆဲအစိုးရအနေနဲ့ နိုင်ငံတော်ရဲ့ တရားစီရင်ပိုင်ခွင့် အချုပ်အခြာအာဏာကို နိုင်နင်းစွာ ထိန်းသိမ်းထားကြောင်း ပြသရာရောက်သလို နိုင်ငံတကာနဲ့ ဒေသတွင်းက ကျွန်တော်တို့နိုင်ငံရဲ့ အကျိုးကို လိုလားတဲ့ မိတ်ဆွေများရဲ့ စိုးရိမ် ပူပန်မှုတွေကိုလည်း ဖယ်ရှားပေးရာ ရောက်စေမှာဖြစ်ပါတယ်။ မလိုလားအပ်ဘဝေါ်ပေါက်လာနိုင်တဲ့ မတည်ငြိမ်မှုတွေကို ရှောင်ရှားနိုင်စေမယ့် အရေးကြီးတဲ့ဆုံးဖြတ်ချက်ဖြစ်သလို ရှေ့ဆက်ရမယ့် ဒီမိုကရေစီလမ်းကြောင်းကို တည်ငြိမ်အေးချမ်းမှု မယျက်ယွင်းဘဲ ဆက်လက်လျှောက်လှမ်းနိုင်ဖို့ လမ်းဖွင့်ပေးတဲ့ အသင့်မြတ်ဆုံးအခွင့်အလမ်းလို့လည်း ယူဆနိုင်ပါတယ်။

ားလုံးကတော့ နိုင်ငံတော်အပိုင်းက ကြီးမား
ာ်ပြည့်ဝတဲ့ အမြော်အမြင်နဲ့ လေးနက်တဲ့
ပြသပြီး သားရှေအိုးထမ်းလာတဲ့ကိန်း
လိုက်လျောသက်ညာ ဆောင်ရွက်ပေးခဲ့
ည်ကြပါတယ်။ အနာဂတ် လမ်းကြောင်း
ာ့ ဖြစ်ထွန်းလာနိုင်အောင် အခြေအနေ
ာယ်လို့လည်း ထင်မြင်ယူဆလျှက်ရှိကြပါ
ို့ ပြည်သူ့အားလုံးကတော့ တစ်ဦးမေတ္တာ
ာ အာယာတဟောင်းတွေ၊ ဆန့်ကျင်လိုမှု
ိုင်ရေးအင်အားစုတွေအားလုံး အနာဂတ်
ာစည်းညီညွတ် ပျော်ရွှင်စွာနဲ့ တက်ညီ
ကြဖို့ မျှော်လင့်မိပါတယ်။

သေချာပြန်တွေးကြည့်ရင် ဒါဟာနိုင်ငံတော်အပိုင်းက အလိုက်လျောနိုင်ဆုံး သက်ညာထောက်ထားပေးခဲ့ခြင်းပဲ ဖြစ်ပါလိမ့်မယ်။ ဒါဟာ Win-Win Solution တစ်ခု ဖြစ်လာအောင် ပုံဖော်ပေးခဲ့ခြင်း ဖြစ်နိုင်ပါတယ်။ ဒါ့အပြင် ဆန့်ကျင်ဘက်အုပ်စုတွေအနေနဲ့ ဒီအခြေအနေကို လက်ခံပြီး တည်တည်ငြိမ်ငြိမ်နဲ့ ရှေ့ဆက် ဆောင်ရွက်သွားနိုင်အောင် အခွင့်အလမ်းကောင်းတွေ ဖန်တီး လမ်းခင်းပေးလိုက်ခြင်း ဖြစ်တယ်လို့လည်း ယူဆနိုင်ပါတယ်။

တစ်ဆက်တည်းပြောရရင် လျှော့ပေါ့ပြောင်းလဲလိုက်တဲ့ ပြစ်ဒဏ်ကျခံရမယ့် အချိန်ကာလထက် မကျော်လွန်သော အချိန်ကာလအတွင်း စည်းကမ်းနဲ့အညီ ကောင်းမွန်စွာ နေထိုင်မယ်ဆိုရင် ဆိုင်းငံ့ထားတဲ့ ပြစ်ဒဏ်အားလုံးကို လွှတ်ငြိမ်းချမ်းသာခွင့်ပြုမယ်လို့ ဆိုထားပါတယ်။ နှားလည်မိသလောက် ပြောရရင် ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ အေးအေးချမ်းချမ်းသာ နေထိုင်သွားမယ်ဆိုရင် လွှတ်ငြိမ်းချမ်းသာခွင့်ဆိုတာ ဖြစ်လာနိုင်တဲ့အနေအထားပါပဲ။ ဒီလိုဆိုရင် အနာဂတ်ခရီးအတွက် အခွင့်အရေးကောင်းတွေ မကုန်ဆုံးသေးဘူးလို့ မျှော်လင့်နိုင်ပါသေးတယ်။

ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားရုံးက ပြစ်ဒဏ်ချမှတ်မှုနဲ့ နိုင်ငံတော်အပိုင်းက ထောက်ထားသက်ညာစွာ လိုက်လျောဆောင်ရွက်မှုတွေအပေါ် ပြည်တွင်းက ပြည်သူ့အားလုံးအနေနဲ့ လိုက်လှဲ့ဝမ်းသာစွာ လက်ခံနှားလည်နိုင်ကြပေမယ့် နိုင်ငံအချို့နဲ့ ပြည်ပမီဒီယာအချို့ကတော့ ထုံးစံအတိုင်း ကန့်ကွက်တယ်၊ စိုးရိမ်တယ်၊ ချက်ချင်းလွတ်ပေးပါ စသဖြင့် မဖြစ်နိုင်တာတွေကို ငါ့စကားနှားရ ပြောဆိုထုတ်လွှင့်နေကြဆဲ ဖြစ်ပါတယ်။ သို့သော် **တကယ်တော့** နိုင်ငံတော်အပိုင်းက ဆုံးဖြတ်ချက်ဟာ တရားတယ်၊ မျှတတယ်၊ ထောက်ထားသက်ညာမှု ရှိတယ်ဆိုတာ ထပ်ပြီး ရှင်းဖို့ မလိုအောင် ထင်ရှားခိုင်မာနေပါပြီ။ ဒါကို ကျွန်တော်တို့အားလုံး သိပါတယ်။ ကမ္ဘာကလည်း သိပါတယ်။ သို့သော် အချို့သော နိုင်ငံတွေနဲ့ အချို့သော ဆန့်ကျင်ဘက် ဗီဒီယာတွေက ဒါကို လက်မခံနိုင်ဘဲ ထင်ရာမြင်ရာ ပြောနေ ဆိုနေကြခြင်းဟာ သူ့အကြောင်းနဲ့သူ နောက်ဆုတ်မရနိုင်တော့တဲ့ အခြေအနေမို့လို့ ဇွတ်အတင်း မျက်စိစုံမှိတ်ပြီး ရှေ့ဆက်တိုးနေရခြင်းမျိုးပဲ ဖြစ်ပါလိမ့်မယ်။ **စကားကျွံထားတော့ နုတ်လို့မရနိုင်ဘူး ထင်ပါတယ်။**

ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်ကို သူမရဲ့မှုလေ နေအိမ်မှာ ပြန်လည်နေထိုင်ခွင့် ပြုခဲ့ခြင်းအပေါ် ပြည်ပမီဒီယာတွေက House Arrest ဆိုတဲ့ အသုံးအနှုန်းမျိုးတွေသုံးပြီး ထင်ယောင်ထင်မှားဖြစ်အောင် လုပ်နေပါတယ်။ တကယ်တော့ နေအိမ်အကျယ်ချုပ် (House Arrest) လို့ မသုံးသင့်ပါဘူး။ သူမကို သက်သောင့်သက်သာနဲ့ လွတ်လွတ်လပ်လပ် နေနိုင်အောင် စေတနာထားပြီး စီစဉ်ပေးခဲ့ခြင်းမျိုးသာ ဖြစ်မယ်ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူမအနေနဲ့ နေအိမ်အတွင်း၊ ခြံဥပစာအတွင်း လွတ်လပ်စွာ သွားလာနေထိုင်နိုင်ပြီး ခွင့်ပြုသတင်းစာ၊ ဂျာနယ်၊ စာအုပ်တွေလည်း ဖတ်နိုင်ပါတယ်။ MWD နဲ့ MRTV လည်း ကြည့်နိုင်ပါတယ်။ ကျန်းမာရေးအတွက် လိုအပ်တဲ့အခါ ခွင့်ပြုထားတဲ့ ဆရာဝန်၊ သူနာပြုအဖွဲ့နဲ့ စစ်ဆေးကုသခွင့် ရှိပါတယ်။ ဒါ့အပြင် ကိုယ့်ရဲ့လိုအပ်ချက်ကို စာနဲ့ရေးသားပြီး ပြောခွင့်လည်းရှိပါတယ်။ ဧည့်သည်ကိုလည်း ခွင့်ပြုချက်နဲ့ လက်ခံတွေ့ဆုံနိုင်ပါတယ်။ အခြားဆောင်ရွက်လိုတဲ့ ကိစ္စရပ်တွေ ရှိမယ်ဆိုရင်လည်း ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်သွားနိုင်ပါတယ်။ ဒါတွေဟာ နိုင်ငံတော်အပိုင်းက ယခင်တုန်းကထက် ပိုပြီး လိုက်လျောခွင့်ပြုပေးလာတာ မဟုတ်လား။ တိုးတက်ပြောင်းလဲမှုလို့ ရှုမြင်သင့်တဲ့ အနေအထားမျိုးပါ။

ဘာပဲပြောပြော ကိစ္စရပ်တိုင်းမှာ ဟိုဘက်အမြင် ဒီဘက် အမြင်၊ သူ့အမြင် ကိုယ့်အမြင် ကွဲပြားမှုကတော့ ရှိနေ နိုင်တာပါပဲ။ သို့သော် **ကျွန်တော်တို့ ပြည်သူ့ အားလုံးကတော့ နိုင်ငံတော်အပိုင်းက ကြီးမားတဲ့ စေတနာမေတ္တာ၊ ထက်မြက်ပြည့်ဝတဲ့ အမြော်အမြင်နဲ့ လေးနက်တဲ့ မိဘသဖွယ် စိတ်ဓာတ်ကို ပြသပြီး သားရှေအိုးထမ်းလာတဲ့ ကိန်းဆိုက်အောင် အတတ်နိုင်ဆုံး လိုက်လျောသက်ညာ ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း နှားလည်ယုံကြည်ကြပါတယ်။ အနာဂတ် လမ်းကြောင်းအတွက် အခွင့်အလမ်းသစ်တွေ ဖြစ်ထွန်းလာနိုင်အောင် အခြေအနေ ဖန်တီး လမ်းဖွင့်ပေးခဲ့ခြင်း ဖြစ်တယ်လို့လည်း ထင်မြင်ယူဆလျှက် ရှိကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူ့အားလုံးကတော့ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသလို တစ်ချိန်က အာယာတဟောင်းတွေ၊ ဆန့်ကျင်လိုမှုတွေကို သင်ပုန်းချေကြပြီး နိုင်ငံရေး အင်အားစုတွေအားလုံး အနာဂတ် ဒီမိုကရေစီလမ်းကြောင်းမှာ စုစည်းညီညွတ် ပျော်ရွှင်စွာနဲ့ တက်ညီလက်ညီ လက်တွဲချီတက်နိုင်ကြဖို့ မျှော်လင့်မိပါတယ်။**

အိုဘားမားကစလိုက်တဲ့ Change ဆိုတဲ့စကား တစ်လုံးကြောင့် ယနေ့ကမ္ဘာမှာ Change ဆိုတာဟာ လူတိုင်းရဲ့ သည်းခြေကြိုက် ဖြစ်လာခဲ့ပါတယ်။ ကျွန်တော့် အမြင် ပြောရရင် ဒါဟာလည်း နိုင်ငံတော်အပိုင်းက Change ကို ခြေတစ်လှမ်းစလိုက်ခြင်း ဖြစ်နိုင်ပါတယ်။ တစ်ဦးက လက်ကမ်းလာတဲ့အချိန်မှာ ကျန်တစ်ဦးကလည်း အလိုက်သင့်လေး ပြန်ပြီးလက်ကမ်းပေးလိုက်မယ်ဆိုရင် လက်ဆွဲနှုတ်ဆက်ဖို့ဆိုတာ ဘာမှမခက်ခဲလှပါဘူး။ အပြုံးကို အပြုံးနဲ့သာ တုံ့ပြန်သင့်သလို မေတ္တာကိုလည်း မေတ္တာနဲ့သာ တုံ့ပြန်ရမှာ မဟုတ်လား။ ဒါမှလည်း Change ဆိုတာ ဖြစ်လာနိုင်မှာပါ။ ။

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၁၃

တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည် ပွဲစဉ်များကို ယနေ့ညနေ ၄နာရီတွင် ဆက်လက်ကျင်းပရာ နေပြည်တော်အားကစားကွင်းဌာကျင်းပသော ပွဲစဉ်တွင် (၈၈)အုပ်စုမှ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အနိုင်ရ

နေပြည်တော်ဖျဉ်းမနား(ပေါင်းလောင်း) အားကစားကွင်းဌ ကျင်းပသော ပွဲစဉ်တွင် (၈၈)အုပ်စုမှ သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သစ်တောရေးရာဝန်ကြီးဌာနအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဩဂုတ် ၁၄ရက်တွင် နေပြည်တော် အားကစားကွင်း၌ (ဃဃ)အုပ်စုမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအသင်းနှင့် လှဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ဆက်သွယ်ရေးဌာနအသင်း၊ နေပြည်တော်ဖျဉ်းမနား(ပေါင်းလောင်း) အားကစားကွင်းဌ (ဃဃ)အုပ်စုမှ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြပြည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းမှ ကြည့်မြင်တိုင်မျက်မမြင်သင်တန်းကျောင်းသို့ အလျှဒွေများပေးအပ်လျှက်ဒါန်း

ရန်ကုန် ဩဂုတ် ၁၃

(၄၂)နှစ်မြောက် အာဆီယံနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း (Myanmar ASEAN Women's Friendship Association-MAWFA)မှလူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင်မြို့နယ် မျက်မမြင် သင်တန်းကျောင်းသို့ အလျှဒွေများ ပေးအပ် လျှဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် အဆိုပါ ကျောင်း၌ကျင်းပသည်။ **(အေပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအမျိုးသမီး ဒေါ်ခင်ခင်ရေးဝန်ကြီးဌာနဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်မိုး၊ ဒုတိယဝန်ကြီး၏ ဇနီး ဒေါက်တာ ဒေါ်ခင်မြင့်ဝင်း၊ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းအလုပ်အမှုဆောင် ကော်မတီ အမျိုးဝင်များ၊ အာဆီယံအမျိုးဝင် နိုင်ငံများမှ သံအမတ်ကြီးများ၏ ဇနီးများ၊ အခြား စိတ်ပါဝင်စားသော သံရုံးအကြီးအကဲများ၏ ဇနီးများနှင့် အသင်းဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ စေတနာ့ဂျင်အလျှရှင်များ၊ မျက်မမြင်ကျောင်းမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယုယုဆွေက ကြည့်မြင်တိုင် မျက်မမြင်သင်တန်းကျောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လျှဒါန်း

ထိုနောက် မြန်မာနိုင်ငံအာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအမျိုးဝင် ဒေါ်မြင့်မြင့်စိုးက လျှဒါန်းရခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်း ပြောကြားပြီး မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများချစ်ကြည်ရေးအသင်းမှ မျက်မမြင် သင်တန်းကျောင်း (ကြည့်မြင်တိုင်)ဝင်ငွေပေသောပင်အတွက် ဌေးကျပ်နှစ်သိန်း၊ ပညာသင်ထောက်ပံ့ကြေးအတွက် ဌေးကျပ် နှစ်သိန်းနှင့် စားသောက်ကျွေးမွေးရေး အတွက် ဌေးကျပ် တစ်သိန်းတို့ကိုလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီး များအသင်းမှ မျက်မမြင်ကျောင်းသား ကျောင်းသူများ ကျန်းမာရေးအတွက် ဌေးကျပ် သုံးသိန်းတို့ကိုလည်းကောင်း ပေးအပ်လျှဒါန်းရာ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က လက်ခံသည်။

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာနီပေါ်နိုင်ငံသံအမတ်ကြီးက ဌေးကျပ်နှစ်သိန်း၊ ဒေါက်တာခင်မောင်အေး မိသားစုက ဌေးကျပ်နှစ်သိန်း၊ မှန်ချိုဆေးတိုက်မှ ဌေးကျပ် ငါးသောင်းတန်ဖိုးရှိဆေးများကိုလျှဒါန်းကြရာ မျက်မမြင် သင်တန်းကျောင်း (ကြည့်မြင်တိုင်)မှ ကျောင်းအုပ်ကြီး ဦးမောင်မောင်တာက လက်ခံသည်။

လှည့်လည်ကြည့်ရှု

ထိုနောက် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဧည့်သည်တော်များသည် မျက်မမြင်သင်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများ၏သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။ **(သတင်းစဉ်)**

၂၀၀၉ခုနှစ် ဇူလိုင်လတွင် မူးယစ်ဆေးဝါးအမှုပေါင်း ၂၅၃မှု ဖမ်းဆီးနိုင်ခဲ့

နေပြည်တော် ဩဂုတ် ၁၃

၂၀၀၉ခုနှစ် ဇူလိုင်လတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါး အမှုပေါင်း ၂၅၃မှုကို ဖမ်းဆီးနိုင်ခဲ့ကြပြီး ဘိန်း ၄၅မှု အလေးချိန် (၄၆၁သမ၃၁၁ကီလို)၊ ဘိန်းဖြူ ၇၉မှု အလေးချိန် (၇၇၆၁သမ၅၅၈ကီလို)၊ ဘိန်းဆီ ၁၀မှု အလေးချိန် (၁၃သမ၄၁၀၂ကီလို)၊ အဆင့်နိမ့်ဘိန်း ခုနှစ်မှု အလေးချိန် (၈၁သမ၄၄၂၈ကီလို)၊ ဆေးခြောက် ၁၄မှု အလေးချိန် (၅၁သမ၆၀၆၉ ကီလို)၊ စိတ်ကြွရှူးသွပ်ဆေးပြား ၇၁မှု (၅၃၁၄၄ ပြား)၊ ဘိန်းစာမှန့် ၁၂မှု အလေးချိန် (၃၄သမ၁၈၂ ကီလို)၊ ဇိုလမ်းဆေးပြား တစ်မှု သုံးပြား၊ စိတ်ကြွဆေးမှုန့် တစ်မှု အလေးချိန် (၀၁သမ၀၃၉၄ကီလို)၊ အက်ဗီဒရင်း သုံးမှု အလေးချိန်(၁၈၀သမ၅၅ကီလို)၊ အက်တက်စ်တစ်မှု (၄၃သမ ၅ပြား)၊ ထရာမဒေါလ် နှစ်မှု(အတောင့် ၂၂၀၀)၊ ဒိုင်ယာဇီပမ် တစ်မှု (အပြား၁၉၁၀၀)၊ ချောင်းဆိုးဟုတ်ဆေးရည်အလေးချိန်(၀၁သမ၀၇လစ်တာ)၊ မှတ်ပုံတင်ပျက် သုံးမှုနှင့် အခြားအမှု သုံးမှုတို့ဖြစ်သည်။

အဆိုပါ အမှုပေါင်း ၂၅၃မှုတို့ကို ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၃၃၆ဦးနှင့် မ ၆၂ဦး စုစုပေါင်း တရားခံ ၃၉၈ဦး၏အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျေးဇူးပဲ*

ကန်တော်ကြီးသဖွယ်

ပုသိမ်မြို့ ကန်သာယာပန်းဥယျာဉ်အတွင်း ထူးခြားလှပသော မြင်ကွင်းများကို လေ့လာရန် သတင်းအဖွဲ့ ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် မည်သည့်နေရာတွင်မျှ မရှိသော ကန်သုံးကန်ကို ပေါင်းစပ်ကာ ကန်တော်ကြီး သဖွယ်ပြုလုပ်ထားခြင်း ဖြစ်သည်။

ပြုပြင်တည်ဆောက်

သဘာဝအလျောက် ဖြစ်ပေါ်နေသော ရေကန်သုံးကန်၏အလယ်တွင် ကျွန်းသဖွယ် ဖြစ်တည်နေသည့် မြေနေရာပေါ်၌ ပန်းဥယျာဉ်အဖြစ် ပုသိမ်မြို့စည်ပင်သာယာရေးအဖွဲ့က ပြုပြင်တည်ဆောက်ထားခြင်းဖြစ်သည်။ ကန်သာယာ ပန်းဥယျာဉ်အတွင်း ဝင်လိုက်သည့်နှင့် လှပသောရေပန်းအပိုင်းကိုမြင်တွေ့ရသည်။ အာဖရိက ကျူးလစ်ပင်များ၊ ပင်လယ်ကဒီးပင်နှင့် ထင်းရူးပင်များကား ပန်းချီကားတစ်ချပ်နှယ် . . . .။

ကန်သာယာပန်းဥယျာဉ်ရဲ့ အကျယ်အဝန်းက ၁၆၄ကေရှိပြီး၊ ပြင်ခင်းပြင်၊ အရိပ်ရပင်နဲ့ရောင်စုံပန်းတွေ ဝေဆာဖူးပွင့်နေအောင် ပုသိမ်မြို့ စည်ပင်သာယာရေး

ပင်များ၊ ရေတမာပင်များနှင့် မြက်ခင်းပြင်များ စနစ်တကျ စိုက်ပျိုးထားသဖြင့် မျက်စိပသာဒဖြစ်စရာ မြင်တွေ့ရသည်။

"ဒီရေကန်သုံးဆင့်မှာ ၆၅ ပိုး၊ ဆောင်းရေမျော်ကျေးငှက်တွေ လာရောက်ကျက်စားလေ့ရှိတယ်။ ကြောက်၊ ရေစွန်လီ၊ တင်ကိုး စတဲ့ ကျေးငှက်တွေကလည်း အဓိကမီး လာရောက်ကျက်စားနေတာမို့ ကျေးငှက်တွေရဲ့ သဘာဝအလှကိုလည်း မြင်တွေ့လေ့လာနိုင်ပါတယ်။ ဒါ့အပြင် ပုသိမ်မြို့ကို လာရောက်တဲ့ ဧည့်သည်တွေအတွက်လည်း အပန်းဖြေလည်ပတ်စရာ နေရာအဖြစ် ရောက်ရှိအောင် ပြုပြင်ထိန်းသိမ်းနေခြင်း ဖြစ်ပါတယ်" ဟု ဦးစတင့်ဝေက ဆက်လက်ရှင်းပြသည်။

ကစားကွင်း

ကန်သာယာ ပန်းဥယျာဉ်အတွင်း ကလေးများကစားကွင်း၊ မီနီဂေါက်ကွင်း၊ ကလေးများ အမျော်စီးရေးတမ်းများလည်း တွေ့မြင်ရသည်။ ကန်ရေပြင်ကို ဖြတ်သန်းဆောက်လုပ်ထားသည့် ပေ၂၀ ရှည်သော သစ်သားတံတားကလည်း အကွေ့ပေါင်းများစွာနှင့် လျှောက်လှမ်းချင်စရာပင် . . .။

သစ်သားတံတားအတိုင်း ဆက်လက်လမ်းလျှောက်သွားလျှင် ကန်သာယာ ပန်းဥယျာဉ်အဆုံးဌ ပုသိမ်တက္ကသိုလ်သို့ ရောက်ရှိသွားမည် ဖြစ်သည်။ ပုသိမ်တက္ကသိုလ်နှင့် ကန်သာယာပန်းဥယျာဉ်ကား ပန်ရလျက်ရှိပြီး ပုသိမ်မြို့ကျက်သရေကို ဆောင်လျက်ရှိနေသည်။

ကျင်းပလေ့ရှိ

ကန်သုံးဆင့်အတွင်း ဧရာဝတီတိုင်း လေလှော်ပြိုင်ပွဲများကျင်းပခဲ့သည်။ ညီညာပြန့်ပြူးသော ကန်ရေပြင်နှင့် ကျယ်ဝန်းသည့် ရေမျက်နှာပြင် အနေအထားက လေပြိုင်ပွဲများကျင်းပမိုင်သည့် အကောင်းဆုံး အခြေအနေပင်ဖြစ်သည်။ ကန်သာယာ ပန်းဥယျာဉ်အတွင်း မြက်ခင်းပြင်တွင်လည်း ညပိုင်း၌ မီးရောင်စုံများ ထွန်းညှိကာ မက်လာဧည့်ခံပွဲများ ကျင်းပလေ့ရှိသည်။

စိမ်းလန်းစိုပြည်

ကန်သာယာ ပန်းဥယျာဉ်အတွင်း ကျောက်ချောလမ်းခင်းထားပေးရာ စိမ်းလန်းစိုပြည်သော ပန်းဥယျာဉ်အတွင်း လမ်းလျှောက်ခြင်းဖြင့် စိတ်လန်းဆန်းမှုကို ရရှိစေနိုင်သည်ဖြစ်ရာ ပင်ကိုသဘာဝမျက်သစ်ပင်ပန်းပင်များကို ပြုပြင်ထားရာ မြင်ကွင်းအားလုံး စိတ်လန်းဆန်းအေးမြသွားစေအောင် စွမ်းဆောင်မှု ပေးနိုင်ပေသည်။

ရေကူးကန်

ထို့အပြင် ကလေးနှင့် လူကြီးများအတွက် စိတ်လက်ပေါ်ပါးသွားစေရန် ရေကူးကန်လည်း တည်ဆောက်ပေးထားသည်ကို တွေ့ရသည်။ အနဲဆုံး၅၀စီတာနှင့် အလျားမီတာ၅၀ ရှိသော ရေကူးကန်၌ လည်း ကြည်လင်သန့်ရှင်းနေသောရေများ ကြောင့် မြင်တွေ့ရသူတိုင်း ရေကူးလိုသော ဆန္ဒကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

ကန်သာယာ ပန်းဥယျာဉ်ကို နေ့စဉ် ပိတ်ရက်မရှိဖွင့်လှစ်ထားရာ ပုသိမ်မြို့သူ မြို့သားများအတွက် အကောင်းဆုံး အပန်းဖြေရာ ပန်းဥယျာဉ်တစ်ခုဖြစ်ပါကြောင်း သတင်းခရီးမြင်ကွင်းအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပန်းဥယျာဉ်အတွင်း ပေ၂၀၀ရှည်သော သစ်သားတံတားကိုလည်း ဤခေတ် သဘာဝကျစွာ ဆောက်လုပ်ထားသည်။
(မြန်မာ့အလင်း)

"ကန်သာယာဥယျာဉ်ကို နေ့စဉ်ပြုပြင်ထိန်းသိမ်းမှု ပြုလုပ်ပေးနေပါတယ်။"
ဦးစတင့်ဝေ (အင်ဂျင်နီယာ၊ပုသိမ်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့)။

သဘာဝအလျောက် ဖြစ်ပေါ်နေသော ရေကန်သုံးကန်၏ အလယ်တွင် ကျွန်းသဖွယ် ဖြစ်တည်နေသည့် မြေနေရာပေါ်၌ ပန်းဥယျာဉ်အဖြစ် ပြုပြင်တည်ဆောက်ထား။

ကန်သာယာပန်းဥယျာဉ်ရဲ့ အကျယ်အဝန်းက ၁၆၄ကေ ရှိပြီး မြက်ခင်းပြင်၊ အရိပ်ရပင်နဲ့ရောင်စုံပန်းတွေ ဝေဆာဖူးပွင့် နေအောင် ပုသိမ်မြို့စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်နေ။

ပုသိမ်မြို့ ကန်သာယာဥယျာဉ်အတွင်း ကျောက်ခင်းလမ်းအတိုင်း စိတ်ချမ်းမြေ့စွာ လမ်းလျှောက်ကာ သဘာဝအလှကို ခံစားနိုင်ရန် ဤခရီး ပြုပြင်ထားသည်။
(မြန်မာ့အလင်း)

ပန်းဥယျာဉ်အတွင်း ကျောက်ခင်းလမ်းအတိုင်း စိတ်ချမ်းမြေ့စွာ လမ်းလျှောက်ကာ သဘာဝအလှကို ခံစားနိုင်ရန် ဤခရီး ပြုပြင်ထားသည်။

အဖွဲ့က တာဝန်ယူ ဆောင်ရွက်နေပါတယ်။ ပြုပြင် မွမ်းမံမှုတွေကတော့ နေ့တိုင်း ဆောင်ရွက်နေပြီး လာရောက်အပန်းဖြေတဲ့ လူတွေ စိတ်လက်ချမ်းသာမှု ဖြစ်စေဖို့ အတွက် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်" ဟု ပုသိမ်မြို့ စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစတင့်ဝေက မြန်မာ့အလင်းသို့ ရှင်းပြသည်။

မြေနန်းများ

ကန်သာယာ ပန်းဥယျာဉ်အတွင်း နိုင်ငံတော်၏ နေ့ထူးနေ့မြတ်များတွင် အခမ်းအနားများကျင်းပနိုင်ရန် ပြခန်းကိုးခန်း တည်ဆောက်ထားသည်။ အခန်း အရွယ်အစားတူ၊ ဒီဇိုင်းပုံစံတူညီသော ပြခန်းများဖြစ်သည်။ ကန်သာယာပန်းဥယျာဉ်အတွင်း ယူကလစ်ပင်များ၊ ထင်းရူး

ရုပ်မြင်သံကြားလမ်းညွှန် ထုတ်ဝေပြန့်ဝှေ့

ရန်ကုန် သြဂုတ် ၁၃

ရုပ်မြင်သံကြားလမ်းညွှန် TV Guide အတွဲ ၁၊ အမှတ် ၆ကို သြဂုတ်၁၄ရက် (သောကြာနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

TV Guide အတွဲ ၁၊ အမှတ် ၆တွင် MRTV-4 Free Channel ၌ ထုတ်လွှင့်နေသောအစီအစဉ်များနှင့် လက်မလွှတ်တမ်းကြည့်သင့်သော အစီအစဉ်များကို ဓာတ်ပုံများ ဝေဆာဆာဖြင့် Highlight တင်ပြထားသည့်အပြင် တစ်ပတ်စာ အစီအစဉ်များကို အသေးစိတ် ဖော်ပြထားသည်။ MRTV-4 International ရုပ်သံလိုင်းများမှ Star Sports နှင့် ESPN ရုပ်သံလိုင်းများတွင် ပြသမည့် EPL ဘောလုံးပွဲများမှ ချယ်လ်ဆီးနှင့် ဟူးလစ်စီးဘီး၊ မန်ယူနှင့် ဘာမင်ဂမ်၊ အဲဗာတာနှင့် အာဆင်နယ်၊ တော့တင်ဟန်နှင့် လီဗာပူးအသင်းများ၏ မွေကြိုသုံးသပ်ချက်များ အကြောင်းများကို ပြည့်ပြည့်စုံစုံရေးသားထားပြီး Travel & Living ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် မီလန်၊ မြူးနစ်၊ ဟာဝါယီ၊ ဘာစီလိုနာမြို့များအကြောင်းကိုလည်း HighLight တင်ပြထားသည်။

ထို့အပြင် တခြားရုပ်သံလိုင်းအားလုံး၏ တစ်ပတ်စာအစီအစဉ်များကို အသေးစိတ် ဖော်ပြထားပြီး ကြည့်သင့်သော အစီအစဉ်များကို HighLight တင်ပြထားကာ 5Movies, 5Series ရုပ်သံလိုင်းများမှ ထုတ်လွှင့်မည့်အစီအစဉ်များကိုလည်း တစ်ပတ်စာရေးဆွဲထားသည်အပြင် ကလေးငယ်များအတွက် Cartoon Network နှင့် 5 Cartoon မှ ထုတ်လွှင့်ပြသမည့် ကာတွန်းကားဇာတ်လမ်း အကျဉ်းချုပ်များ၊ အချိန်ဇယားများကို ဖော်ပြထားသည်။

ထို့အပြင် အစီအစဉ်ကောင်းများကို အချိန်ပြည့်ထုတ်လွှင့်ပေးနေသော Mandalay FM တွင် ထုတ်လွှင့်မည့် ရောက်တတ်ရာရာအစီအစဉ်၌ သျှိကို ဧည့်သည်တော်နေရာ ရောက်သွားသည့်အကြောင်းနှင့် တစ်ပတ်စာအစီအစဉ်များကို အသေးစိတ်ဖော်ပြထားသည်။

ဓိဓိနှင့်မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိ အသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြားလမ်းညွှန်ကို Novel Light Express ဖုန်း-၃၉၁၁၅၆၊ ၂၄၁ရစ္စ၁ ဖြန့်ချိရေးမှ ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ် သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သြဂုတ် ၁၂ရက်က ကျင်းပသည့် ရွှေပြည်သာမြို့နယ် ကျောင်းပေါင်းနဲ့ အသက် ၁၆နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမဆုရရှိသော အထက(၃) ဘောလုံးအသင်းအား မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ပွဲမြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီအောင်က ဆုဇလား ချီးမြှင့်စဉ်။ (၁၁၃)

မြန်မာ့အသံ အင်တာနက် ကျွန်းမာရေး

လေဖြန်းခြင်းခံစားရပါက မှတ်ဉာဏ်ချို့ယွင်းမှုဖြစ်ပေါ်နိုင်

ဆွေးတိုးရောဂါရှိသူများသည် လေဖြန်းခြင်းကြောင့်ရေပါက ဦးနှောက်ဆဲလ်များ ထိခိုက် ပျက်စီးပြီး မှတ်ဉာဏ်လျော့ကျစေကြောင်း အမေရိကန်ဆေးသိပ္ပံပညာရှင်များက သတိပေး လိုက်သည်။



ထိခိုက်

လေဖြန်းခြင်းဟုခေါ်ဆိုသည့် ခြေလက်နှင့် ဓနောက်ယိမ်းစိတ်သိပ်င်းအချို့ ထုံကျင်ခြင်းသည် ဦးနှောက်မှတ်ဉာဏ်ချို့ယွင်းမှုကို တဖြည်းဖြည်းထိခိုက်သွားစေကြောင်း၊ ဦးနှောက်အတွင်း မှတ်ဉာဏ်အစိတ်အပိုင်းကို ပျက်စီးစေကြောင်း၊ အချို့ကိုတိုကာလအတွင်း မထူးခြားသော်လည်း လဆက်ကြာသည်အခါ မှတ်ဉာဏ်အားနည်းမှုများ သိသာနာဖြစ်ပေါ်လာမည်ဟု ၄င်းတို့က ပြောကြားသည်။

သုတေသနပြု

အသက် ၆၇နှစ်အရွယ်ရှိ အမျိုးသား အမျိုးသမီးကြီး ၆၇ဦး၏ သုတေသနပြုခဲ့ရာ လေဖြန်းခြင်းခံရသည့်သူများသည် မှတ်ဉာဏ်ချို့ယွင်းမှုဖြစ်စွာကြာသည်ကို တွေ့ရှိခဲ့ကြရသည်ဟု ယင်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

အကြံပြု

ဆွေးတိုးရောဂါရှိသူများ၊ အသက်အရွယ်ကြီးရင့်သူများ လေဖြန်းခြင်းမပြုမီပွားရေးနှင့် သတိပြုရန်လိုပြီးသင့်ကြောင်း၊ ထို့အပြင် အစားအသောက်အနေအထိုင် သတိပြုသင့်ကြောင်း၊ လေဖြန်းခြင်းဖြစ်စေပါက ရောဂါဆက်သွဲ့ဆင်းကျိန်များ ကြုံတွေ့စံစားရနိုင်ကြောင်း အမေရိကန်ဆေးသိပ္ပံ ပညာရှင်များက ပြောကြားသည်။ *(အင်တာနက်)*

■ ရှေ့ဖုံးမှ

ချစ်ကြည်ရင်းနှီး

ယခုတော့ ထိုသို့ မဟုတ်ပါဘူး။ အပြောင်းလဲကြီး ပြောင်းလဲခဲ့ပါပြီ။ နယ်မြေဒေသတွေလည်း အေးချမ်းလာသလို ဒေသတစ်ခုမှတစ်ခုသို့ သွားလာရေး အဆင်ပြေလာသည်။ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု အစစအရာရာ တိုးတက်မိုင်မာလာပြီ ဖြစ်သည်။ ဤသည်ကား လက်ရှိနိုင်ငံတော်အစိုးရလက်ထက် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးဖော်ဆောင်နိုင်ခဲ့သည့် အကျိုးကျေးဇူးများပင်ဖြစ်၏။

ထိုသို့ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ကချင်ပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးသာမက လမ်းပန်းဆက်သွယ်ရေးစသည်တို့ကိုလည်း တိုးတက်ကောင်းမွန်လာသည်။ ဒေသတစ်ခုမှ တစ်ခုသို့သွားလာမှု လွယ်ကူချောမွေ့စေရေး လမ်းသစ်၊ တံတားသစ်များ တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။ ဆက်လက်၍လည်း ကျန်ရှိနေသောဒေသများ သွားလာမှုလွယ်ကူစေရေး မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ်သို့ လည်းကောင်း၊ ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ်သို့လည်းကောင်း တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်တင်၍ ကချင်ပြည်နယ်အတွင်း ကွန်ရက်သဖွယ် လမ်းများ တိုးတက်ကောင်းမွန်လာရေး နိုင်ငံတော်က ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။ မကြာမီက မြန်မာ့အလင်းသတင်းအဖွဲ့သည် ကချင်ပြည်နယ် ဒေသမှ ဖြိုးတိုးတက်ရေး သတင်းဆောင်းပါး



မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကို ရာသီမရွေး သွားလာမိုင်သာ လမ်းဖြစ်ရေး လုပ်ကိုင်ဆောင်ရွက်နေပါတယ်။

ဦးအေးလွင်
လက်ထောက်အင်ဂျင်နီယာ
မြစ်ကြီးနားခရိုင်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

များရေးသားရန် ရောက်ရှိခဲ့ရာ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းအား ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် ဆောင်ရွက်ထားမှုကို သွားရောက်လေ့လာခဲ့သည်။ သတင်းအဖွဲ့နှင့်အတူ မြစ်ကြီးနားခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာ ဦးအေးလွင်နှင့် အငယ်တန်း အင်ဂျင်နီယာ ဦးခင်မောင်ထွန်းတို့လည်း လိုက်ပါခဲ့သည်။ သတင်းအဖွဲ့သည် မြစ်ကြီးနားမြို့မှ ပူတာအိုသို့သွားသော လမ်းသီသို့ ဦးတည် ထွက်ခွာလာကြသည်။ မြစ်ကြီးနားမြို့မှ ၁၀မိုင်အထိ ခရီးလမ်းမှာ အလွန်ကျယ်ပြန့်ကောင်းမွန်သော နိုင်ငံခြားကတ္တရာလမ်းမကြီး ဖြစ်သည်။ ယင်းကတ္တရာလမ်းဆုံးသည်နှင့် ကျောက်ချောလမ်းကို တွေ့ရသည်။ ကျောက်ချောလမ်း ဆိုသော်လည်း ဆိုင်ကယ်များနှင့် သုံးဘီးဆိုင်ကယ်များ ဥဒဟို မောင်းနှင်သွားလာလျက်ရှိသည်ကို တွေ့ရသည်။

ကျောက်ချောလမ်း

အဆိုပါ ကျောက်ချောလမ်းမှာ တစ်မိုင်ခန့်သာ မောင်းရသည်။ မကြာမီ ကတ္တရာလမ်းကို တွေ့ရသည်။ ၄င်းကတ္တရာလမ်းမှာ ၁၂ပေခန့် ကျယ်သည်။ လမ်းကောင်း၍ ခရီးတွင်ခဲ့သည်။ ယင်းကတ္တရာလမ်းအတိုင်း ဆက်လက် ထွက်ခွာခဲ့ကြသည်။ လမ်းတစ်လျှောက်တွင် ကျေးရွာများ၊ စာသင်ကျောင်းများနှင့် တိုက်နယ်ဆေးရုံများ တွေ့ခဲ့ရသည်။ ဒေသပြိုမဲ့ချမ်းသာယာလာ၍ ကျေးရွာများ အတွင်း နေအိမ်သစ်များ တည်ဆောက်နေသည်ကိုလည်း တွေ့ရသည်။ မြစ်ကြီးနားမြို့မှ ထွက်ခွာလာခဲ့ပြီး နှစ်နာရီခန့်အကြာတွင် မြစ်ကြီးနားခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း လမ်းဖောက်လုပ်ရေးရုံးလင်း ဆောင်သို့ ရောက်ရှိသည်။

တီယန်ခွတ်

"ကျွန်တော်တို့ မြစ်ကြီးနားခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း-အနေနဲ့ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းမှာ မြစ်ကြီးနားမြို့ ဖိုင်တိုင်အမှတ် ၀/၀ ဖိုင်မှ ၅၃/၀ဖိုင်အထိ ဖြစ်ပါတယ်။ မြစ်ကြီးနားမြို့မှ တီယန်ခွတ်ကျေးရွာအထိ ၅၃ဖိုင်ကို တာဝန်ယူဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ဖိုင်တိုင်အမှတ် ၀/၀ဖိုင်မှ ၂၇/၀ဖိုင်အထိ ၂၇ဖိုင်မှာ ကတ္တရာလမ်း ဖြစ်ပါတယ်။ ၂၇/၀ဖိုင်မှ ၂၈/၀ဖိုင်အထိ ၁ဖိုင်မှာ ကျောက်ချောလမ်း ဖြစ်ပါတယ်။ ၂၈/၀ဖိုင်မှ ၅၃/၀ဖိုင်အထိ ၂၅ဖိုင်မှာ အမာခံလမ်းအဖြစ် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်" ဟု လက်ထောက်အင်ဂျင်နီယာ ဦးအေးလွင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

အိုင်းလိုက်

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကို အခြားသောလမ်း တည်ဆောက်ရေးအဖွဲ့များကလည်း အိုင်းလိုက် တာဝန်ခွဲဝေလျက် တည်ဆောက်လျက်ရှိရာ တကောင်း၊ ကသာလမ်း အထူးအဖွဲ့သည် ၅၃/၀ဖိုင်မှ ၉၃/၀ဖိုင်အထိ ဖိုင် ၄၀ကို တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

လမ်းအထူးအဖွဲ့(၇)သည် ၉၃/၀ဖိုင်မှ ၁၃၂/၀ ဖိုင်အထိ ၃၉ဖိုင် တာဝန်ယူ ဆောင်ရွက်နေကြောင်း သိရသည်။ ထို့အပြင် လမ်းအထူးအဖွဲ့(၁၄)သည် ဖိုင်တိုင် ၁၃၂/၀ဖိုင်မှ ၁၅၃/၀ဖိုင်အထိ ၂၁ဖိုင် တာဝန်ယူဆောင်ရွက်နေကြောင်းသိရသည်။

အလားတူ လမ်းအထူးအဖွဲ့(၆)သည် ဖိုင်တိုင်အမှတ် ၁၅၃/၀ဖိုင်မှ ၁၆၉/၆ ဖိုင်အထိ ၁၆ဖိုင်နှင့် ၆ဖာလုံ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။ လမ်းအထူးအဖွဲ့(၁)သည် ဖိုင်တိုင်အမှတ် ၁၆၉/၆ဖိုင်မှ ၁၈၄/၀ဖိုင်အထိ ၁၄ဖိုင်နှင့် ၂ဖာလုံ တာဝန်ယူဆောင်ရွက်နေသည်။

ပူတာအိုခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့သည် ဖိုင်တိုင်အမှတ် ၁၈၄/၀ဖိုင်မှ ၂၁၈/၀ဖိုင်အထိ ၃၄ဖိုင် တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တံတားဘဝစင်း

မြစ်ကြီးနားခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် မြစ်ကြီးနားမြို့မှ တီယန်ခွတ်အထိ ၅၃ဖိုင်ရှိသော လမ်းပေါ်တွင် တံတားကြီး၊ တံတားလတ်၊ တံတားငယ်ပေါင်း ၁၀၀စင်း တည်ဆောက်ထားကြောင်း သိရသည်။ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကို ရာသီမရွေးသွားလာနိုင်သော လမ်းဖြစ်ရေးအတွက် ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှစ်ခုနှင့် လမ်းအထူးအဖွဲ့ငါးဖွဲ့တို့က အိုင်းလိုက် တာဝန်ယူ ဆောင်ရွက် လုပ်ကိုင်လျက်ရှိကြသည်။

ကွင်းဆင်းလေ့လာ

သို့ဖြစ်၍ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းသည် ကချင်ပြည်နယ် အတွင်းရှိ လမ်းအထူးအဖွဲ့များက ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် အချိန်နှင့် တစ်မြေးညီ ဆောင်ရွက်လုပ်ကိုင်နေပြီ ဖြစ်သဖြင့် မဝေးကြော့သည့်အနာဂတ်တွင် လမ်းတစ်လျှောက်ရှိ မြို့ရွာများ သွားလာမှု လွယ်ကူချောမွေ့မည်ဖြစ်သကဲ့သို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သမိုင်းမှတ်တိုင်တစ်တိုင်အဖြစ် ကျန်ရစ်နေမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)



မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်း မြေပုံကားချပ်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

> **နယ်မြေဒေသတွေလည်း အေးချမ်းလာသလို ဒေသတစ်ခုမှ တစ်ခုသို့ သွားလာရေး အဆင်ပြေလာ၊ တိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု အစစအရာရာ တိုးတက် ခိုင်မာလာ၊ ဤသည်ကား လက်ရှိ နိုင်ငံတော် အစိုးရလက်ထက် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး ဖော်ဆောင်နိုင်ခဲ့သည့် အကျိုးကျေးဇူးများပင်ဖြစ်၏။**

ပြုပြင်ပေး

ကချင်ပြည်နယ် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကို မြစ်ကြီးနားခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဤသို့ပြုပြင်လျက်ရှိသည်။ (မြန်မာ့အလင်း)



ကမ်းရိုးတန်းဒေသများ
မိုးဆက်လက်လျော့နည်းနေမည်

ရန်ကုန် သြဂုတ် ၁၃

ယနေ့နောက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရွမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဆောက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ဖွဲနှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဆောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြိုးခဲသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

သြဂုတ် ၁၄ ရက်ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဆောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရေနံရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက် လျော့နည်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရေနံရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရေနံရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရေနံရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ ၁၇ပြည့်သစ်(တောင်ပိုင်း)မြို့နယ် စက်မှုနေ့(၃) သစ်ငယ်မင်းနေ့ ဦးသိန်းမင်း-ခေါ်ခင်ခင်ဝင်း၊ သမီး-မသက်နင်းဆုပြည့်၏ (၉)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် လေးထပ်ပိုင်းဌားဆောင်သစ်ကြီးအတွက် ထွေကျပ်တစ်သိန်းကို နှင်းဆီဂုဏ်းဦးဌားရိပ်သာ အမှူဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လျှက်ဒါန်းစဉ်။

(ဘိုးဌားရိပ်သာ)

တနင်္သာရီတိုင်း၊ မွန်နှင့် ကရင်ပြည်နယ်ကိုယ်စားပြု Southern Myanmar F.C

တနင်္သာရီတိုင်းမှ မိဘပြည်သူများထံ အပ်နှံပွဲကျင်းပ

ဖြိတ် သြဂုတ် ၁၃(ဖက်စ်)

တနင်္သာရီတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကိုယ်စားပြု Southern Myanmar F.C ၏ တနင်္သာရီတိုင်းမှ မိဘပြည်သူများထံ အပ်နှံပွဲကို ယမန်နေ့ ညနေပိုင်းက တနင်္သာရီတိုင်း မြိတ်မြို့ရှိ မြို့မခအားကစားကွင်းတွင် ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ တနင်္သာရီတိုင်း ဆေးချမ်းသာယာရေးနှင့် ပွဲဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစီစံချနေချယ်တိုင်းမှူး ဦးလိုချယ်ခင်ဧေါင်း က အမှာစကားပြောကြားပေးခဲ့သည်။ ယင်းနောက် Southern Myanmar F.C အသင်းဥက္ကဋ္ဌ ဦးရွှေးမြင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

လိုက်လံနှုတ်ဆက်

ထို့နောက် တနင်္သာရီတိုင်းအတွက် Southern Myanmar F.C အသင်းအတွင်းရေးမှူး ဦးလှမောင်ရွှေက ကောလုံး အလုံးဝ၀၀နှင့် မြန်မာနိုင်ငံ ကောလုံးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးတင်အောင်က ကောလုံး အလုံး ၁၀၀ ပေးအပ်လျှက်ဒါန်းသည်။ ယင်းနောက် Southern Myanmar F.C မှ အုပ်ချုပ်သူ၊ နည်းပြချုပ်နှင့် အားကစားသမားများအား မိတ်ဆက်ပေးပြီး ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားကြမည့် နွစ်ဖက်ကောလုံး သမားများအား တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက လိုက်လံနှုတ်ဆက်သည်။

တေးသီချင်းများဖြင့်ဖျော်ဖြေ

အသင်းဖိတ်ဆက်အပ်နှံပွဲ မစတင်မီ ဒေသခံမိဘပြည်သူများအား စတီရီယို တေးသံရှင်များဖြစ်သည့် ဇော်ဝင်းထွဋ်၊ ရင်ဝိုး၊ ဆဲလက်စ်၊ မာရဏ၊ ချောစုခင်၊ သီရိ ဂျေမောင်မောင်နှင့် ရှင်ဖုန်းတို့က တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။

ပါဝင်ကစား

ယင်းနောက် ခြေစမ်းပွဲအဖြစ် Southern Myanmar F.C နှင့် တနင်္သာရီတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေကျသွားသည်။ အဆိုပါခြေစမ်းပွဲကို ဒေသခံကောလုံးပရိသတ်များ တစ်ခဲနက် လာရောက်အားပေးခဲ့ကြပြီး Southern Myanmar F.C တွင် လာရောက်စမ်းသပ်လေ့ကျင့်နေသည့် နိုင်ငံခြားသားကစားသမားများဖြစ်သည့် ဘရိက်၊ မတီဘွနှင့် တိုနီယာတို့ ပါဝင်ကစားခဲ့ကြသည်။

ပေးအပ်ချီးမြှင့်

ခြေစမ်းပွဲအပြီးတွင် တိုင်းမှူးက နှစ်ဖက်ကောလုံးအသင်းအား ကျပ်သိန်း ၂၀စီ၊ Southern Myanmar F.C အသင်းဥက္ကဋ္ဌဦးရွှေးမြင့်က တနင်္သာရီတိုင်းအသင်းအား ကျပ် ၁၀သိန်း ပေးအပ်ချီးမြှင့်သည်။

(မြန်မာ့အလင်း)

Southern Myanmar F.C အသင်းနှင့် တနင်္သာရီတိုင်းအသင်းတို့ ဤကဲ့သို့ ကောလုံးရရှိရေး ကြိုးပမ်းစဉ်။

(မြန်မာ့အလင်း)

အမှတ်(၁)စက်မှု ရေးရောင်းပွဲတော် တိုက်ကြီးမြို့နယ်၌ ဖွင့်လှစ်ရောင်းချ

ရန်ကုန် သြဂုတ် ၁၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ရေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို သြဂုတ် ၁၂ရက် နံနက် စနာရီက ရန်ကုန်မြောက်ပိုင်း ခရိုင် တိုက်ကြီးမြို့နယ် မြို့နယ်ခန်းမရှေ့၌ ကျင်းပရာ အခမ်းအနားသို့ အမှတ်(၁) စက်မှုလက်မှုဌာန ဝိုင်းဦးစီးရှေး ဦးကျော်ဝင်းနှင့် စက်ရုံရှေးများ၊ မြို့နယ်ဆေးချမ်းသာယာရေးနှင့် ပွဲဖြိုးရေးကောင်စီအတွင်းရေးမှူး၊ ခေါ်သီတာစမ်း၊ မြို့နယ်ရဲတပ်ပွဲဖွဲ့ဗျူဟဝင်းမြင့် ဆောင်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

အစီအစဉ်အရ မြို့နယ်အတွင်းရေးမှူး ခေါ်သီတာစမ်းနှင့် စက်ရုံမှူး ဦးမောင်မောင်သန့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး (အပေါ်ပုံ) တက်ရောက်လာကြသူများက အရောင်းဆိုင်များအား လှည့်လည် ကြည့်ရှုကြသည်။

အဆိုပါ အရောင်းဆိုင်များကို သြဂုတ် ၁၂ရက်မှ ၁၈ရက်အထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပြီး အထည်အလိပ်လှပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ အထွေထွေပြပြင် ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ ကြေထည် မြေထည်လုပ်ငန်း၊ စက္ကူနှင့်ဓာတ္တုဒေဝ လုပ်ငန်းတို့မှ ဆေးဝါးနှင့် အိမ်သုံးပစ္စည်း များအား ဈေးနှုန်းသက်သာစွာ ရောင်းချပေး သွားမည်ဟု သိရသည်။

(မြို့နယ် ပြန်/ဆက်)

ထိုင်းနိုင်ငံ ချင်းရိုင်မြို့ တွင်ကျင်းပမည့် ပူထရာပလားဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အားကစားအဖွဲ့ ထွက်ခွာ

ရန်ကုန် သြဂုတ် ၁၃

ထိုင်းနိုင်ငံ ချင်းရိုင်မြို့ Santiburi ဂေါက်ကွင်းတွင် သြဂုတ် ၁၇ ရက်မှ ၂၁ ရက်အထိကျင်းပမည့် (၄၉)ကြိမ်မြောက် ပူထရာဖလား ဂေါက်သီးရိုက်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးမင်းသိန်း၊ ဦးဆောင်ကြည်တို့ ခေါင်းဆောင်သည့် မြန်မာဂေါက်သီးရိုက် အားကစားအဖွဲ့သည် သြဂုတ် ၁၂ ရက် နံနက်က ရန်ကုန်အပြည်ပြည်လေကြီးရာလေဆိပ်မှ ထွက်ခွာရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားသမားများ၏ မိဘဆွေမျိုးများ လိုက်ပါပို့ဆောင်ကြသည်။

လိုက်ပါ

အဆိုပါအဖွဲ့တွင် အုပ်ချုပ်သူများအဖြစ် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း၊ ဦးဆောင်ကြည်၊ ယူထရာဖလားမြိုင်ပွဲဝင်မည့် အမျိုးသားအသင်းတွင် အုပ်ချုပ်နည်းပြ ဦးချမ်းဟန်၊ အားကစားသမားများအဖြစ် ဓနေဝလင်းမြင့်၊ ဆောင်ဝင်း စိုးမိုးဝင်း၊ ရန်မျိုးအေး၊ 1st Santicup မြိုင်ပွဲဝင်မည့် အမျိုးသမီးအသင်းတွင် အုပ်ချုပ်နည်းပြ ဦးကိုကိုလေး၊ အားကစားသမားများအဖြစ် ခင်သူသူ၊ ယဉ်မေမျိုး၊ ဓေလီ၊ မေဦးနိုင်၊ 3rd Lion City Cup မြိုင်ပွဲဝင်မည့် လူငယ်အသင်းတွင် အုပ်ချုပ်နည်းပြ ဦးမျိုးထွန်း၊ အားကစားသမားများ အဖြစ် ရဲလွင်ဦး၊ ခွမ်းသီဟအောင်၊ ဝင်းထက်ကျော်၊ ရဲထက်အောင်တို့ လိုက်ပါသွားကြသည်။

ကြိုတင်ပြင်ဆင်

အာဆီယံနိုင်ငံများမှ ဝင်ရောက်ယှဉ်ပြိုင်မည့် ယင်းပြိုင်ပွဲကို မြန်မာအသင်းအနေဖြင့် မကြာမီကျင်းပတော့မည့် (၂၅) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယှဉ်ပြိုင်မြင်းဖြစ်သည်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးမင်းသိန်း၊ ဦးဆောင်ကြည်တို့၊ ခေါင်းဆောင်သည့် မြန်မာဂေါက်သီးရိုက်အားကစားအဖွဲ့အား တွေ့ရစဉ်။

(မြန်မာ့အလင်း)

မိုင်းဖြတ်မြို့နယ်၌ စာကြည့်တိုက်နှင့် နေ့ကလေးထိန်းကျောင်း အဆောက်အအုံသစ်ဖွင့်

မိုင်းဖြတ် သြဂုတ် ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် စံပြကရင်ရွာ ကျေးဇူးကန္တာ စာကြည့်တိုက်နှင့် ပျိုးခင်း နေ့ကလေးထိန်းကျောင်း အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၃ ရက် နံနက် ၉ နာရီခွဲက အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရေးဦးစွာ အဆောက်အအုံသစ်ကို မြို့နယ်ဆေးချမ်းသာယာရေးနှင့် ပွဲဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဇော်ဦးနှင့် ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးလှမ်းဟောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

ရှင်းလင်းပြောကြား

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက စာဖတ်ခြင်း၏အကျိုးကျေးဇူးနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဦးသန်းဇော်ဦးက စာကြည့်တိုက် ရေရှည်တည်တံ့မိုင်းဖြေရေးအကြောင်း ရှင်းလင်းပြောကြားသည်။

ပေးအပ်လွှဲဒါန်း

ယင်းနောက် မြို့နယ်စာရင်းစစ်အရာရှိ ဦးဆောင်ကျော်ဦးက စာအုပ်မျိုးစုံ အုပ် ၃၀၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာအောင်သူမျိုးက ဝေဖန်ပြီး စာအုပ် ၂၀နှင့် ဒုတိယဦးစီးမှူး ဦးသန်းဇော်ဦးတို့က ဖိုကျေးရွာဂျာနယ် တစ်နှစ်စာတို့ကို ပေးအပ်လျှက်ဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံယူပြီး ကျေးရွာအုပ်စုအတွင်း ရေးမှူး ဦးယောရွက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

လက်နှိပ်တုံ့ကင်တူးဖော်မှုစစ်ဆေး

ရွှေကူ သြဂုတ် ၁၃

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သော ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်ရေယေးရေးလုပ်ငန်း စီမံချက်အရ ရုံးပင်ကျေးရွာ လက်နှိပ်တုံ့ကင် တူးဖော်မှုကို ဇူလိုင် ၁၀ရက်က မြို့နယ်ဆေးချမ်းသာယာရေးနှင့် ပွဲဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်သင်း၊ အမှုဆောင်အရာရှိ ဦးခင်ဆောင်နီနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းမိုင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ *(မြို့နယ်စည်ပင်)*

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ် (၁၈၅/၁၉၀)၊ အခန်း ၉၀၂တွင် ရုံးခန်းဖွင့်လုစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော Diesel King Co.,Ltd. သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏ မူပိုင်အမှတ်တံဆိပ်များအဖြစ် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

IV-၅၈၁၈/၂၀၀၂

IV-၆၅၃၆/၂၀၀၂

IV-၅၁၃၃/၂၀၀၁
IV-၅၁၁၃/၂၀၀၉

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော ''Godzilla ဂေါ်ဇီလာ''၊ ''Fighter ဖိုက်တာ''နှင့် ''Eazy Sleep''ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားများကို အသုံးပြု၍ Diesel King Co.,Ltd. သည် အရည်အသွေးမီ ခြင်နိုင်ဆေးခွေ၊ ခြင်နိုင်ဆေးဖျန်းဘူး၊ ခြင်နိုင်လိမ်းဆေး၊ ခြင်နိုင်ဆေးရည်နှင့် အခြားလူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကိုထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချလျက်ရှိပါသည်။ ယင်းသို့ဖြန့်ဖြူးလျက်ရှိကြောင်း ၂၁-၈-၂၀၀၃ရက်စွဲပါ ကြေးမုံသတင်းစာတွင် ''Godzilla ဂေါ်ဇီလာ''အမှတ်တံဆိပ်ကိုလည်းကောင်း၊ ၅-၉-၂၀၀၃ရက်စွဲပါ ကြေးမုံသတင်းစာတွင် ''Fighter ဖိုက်တာ''အမှတ်တံဆိပ်ကိုလည်းကောင်း အများသိစေရန် ကြေညာထားပြီးလည်း ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများ၏ ကောင်းသောနာမည်ကောင်းကို အခွင့်ကောင်းယူ၍ သုံးစွဲသူများ ထင်ယောင်ထင်မှားဖြစ်အောင် ဆင်တူယိုးမှား ပြုလုပ်၍သော်လည်းကောင်း၊ ဆင်တူတုပ၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း လုံးဝ(လုံးဝ)မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တည်ဆဲတရားဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအီနုစ် (တရားရုံးချုပ်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၇၂၄၄၊ ၂၉၆၁၃၂၂၊ ၂၀၃၀၂၃၊ ၂၀၃၄၉၆။

ကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ တုပပြုလုပ်နေသူများအား သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ နှင်းဆီကုန်းလမ်း၊ အမှတ်(၁၀၁)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးလီကင်းစိန် ၁၂/အလန(နိုင်)၀၃၅၉၉၄သည် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများတို့ကို မှတ်ပုံတင်ထားပြီးဖြစ်၍ ၄င်းကုန်အမှတ်တံဆိပ်များတို့၏ တစ်ဦးတည်းမူပိုင်ရှင်ဖြစ်ပါသည်။

မှတ်ပုံတင်အမှတ်-၄/၃၂၂၇၊ ၄/၃၂၂၈၊ ၄/၃၂၂၉

ကျွန်ုပ်၏မိတ်ဆွေသည် အထက်ဖော်ပြပါ ဒေါ်လာ TV ၊ဒေါ်လာ G3၊ ဒေါ်လာ KG ကုန်အမှတ်တံဆိပ်အမည်များတို့ဖြင့် ဘက်ထရီအိုး အကြီး/အသေးများတွင် အမှတ်အသား ရိုက်နှိပ်၍ မြန်မာတစ်ပြည်လုံးသို့ တွင်ကျယ်စွာ တိုက်ရိုက် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ယခုအခါ အထက်ဖော်ပြပါ ကုန်အမှတ်အသားများတို့ကို ပုံတူယိုးမှားတုပကာ ဘက်ထရီအိုးများအပေါ် တံဆိပ်ခတ်နိုပ်၍ တုပပြုလုပ်ရောင်းချနေကြောင်း တွေ့ရှိရသဖြင့် လေးနက်စွာ သတိပေး တားမြစ်အပ်ပါသည်။

တုပပြုလုပ်ရောင်းချနေသူများသည် မိမိတို့၏ ကုန်ပစ္စည်းများကို ဈေးကွက်များအတွင်း ယခုကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ပြန်လည်သိမ်းဆည်းကြရန်နှင့် မလိုက်နာ ပျက်ကွက်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းများဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

(ရုံး)အမှတ် (၀၃/၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၃၇၇၂၇၆၊
(အိမ်)အမှတ်(၁၃/အေ)၊ အာသာဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၂၃၆၉၈၊ ၂၂၃၇၁၀၊ ၀၉-၅၀-၈၈၈၅၆။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းစိုး (တရားရုံးချုပ်ရှေ့နေ)
B.Sc., H.G.P.,R.L.

လူပျောက်ကြော်ငြာ

အထက်ပါ ဓာတ်ပုံရှင် မသဲနုတင်ကိုအသက်(၁၆)နှစ်အသားလတ်လတ်၊ အရပ်ငါးပေ လေးလက်မ၊ မျက်နှာ ဝိုင်းဝိုင်း၊ နှာတံပေါ်၊ အောက်နှုတ်ခမ်း ထူ၊ ဝပါး ပါးချိုင့်ပါ၊ မျက်စိမှေးပါး၊ ယာပါးခွဲရှိသည်။ ၁၇-၇-၂၀၀၉ ရက်တွင် စစ်ကိုင်းမြို့နေအိမ်မှ ဈေးဝယ်ဆုံး သွားပါသဖြင့် ထွေရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူအား တရားဥပဒေအရ အရေးယူမည်ဖြစ်ပါသည်။

ဆက်သွယ်ရန်-
ဦးတင်ကိုဦး-ဒေါ်တင်တင်နိုင်
နယ်မြေ(၆)၊ ပန်းဘဲတန်းရပ်၊
စစ်ကိုင်းမြို့
ဖုန်း-၀၂-၆၂၉၂၅။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ ဝညားဒေလလမ်း၊ အမှတ် ၂၉၁ တည်ရှိရာ မြေတိုင်း ရပ်ကွက် အမှတ် ၃၆၊ မြေကွက် အမှတ် V-445(A) အမည်ပေါက် ဦးကျင်ဆွေ နှစ်(၉၀)ဂရန် မြေဧရိယာ ၀ ၁သမဝစဝ၈ကကို ဦးလင်းဆော်လတ်မှ အရောင်းအဝယ်စာချုပ်အမှတ် ၆၉၂/၀၉ကိုအထောက်အထားပြု၍ ဂရန်ခွဲလျှောက်ထားလာရာ ယနေ့မှစ၍ ၁၄ ရက်အတွင်း နိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက် အထားများနှင့် ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဦးစီးဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ။

ဥတုရာသီ
တောကိုမိုး၏

ကနီမြို့နယ် စည်ပင်သာယာ သစ်သားတံတား တည်ဆောက်

ကနီ ဩဂုတ် ၁၃

ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဌေလုံးဌေရင်းလုပ်ငန်းနှစ်ခုဖြစ်သော မြို့ပြတံတား မြတ်လေးလမ်းထိပ်နှင့် အုန်းရွေ့ဝါလမ်းထိပ် အုတ်ခဲခံ သစ်သားတံတားနှစ်စင်း တည်ဆောက်ပြီးစီးမှု အခြေအနေကို ဩဂုတ် ၁၀ ရက်က အမှုဆောင်အရာရှိ ဦးတင့်လွင် ကွင်းဆင်း စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆိုင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ အဆိုပါ တံတားနှစ်စင်း တည်ဆောက်ပေးခဲ့သဖြင့် ကနီမြို့ပေါ်ရှိ ပြည်သူများ သွားလာမှုအဆင်မြေ လွယ်ကူသွားခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



မြတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဌေလုံးဌေရင်းလုပ်ငန်း အဖြစ် ဆောင်ရွက်သည့် ရွာသစ်ကျေးရွာ လေးလက်မစက်ရေတွင်း တူးဖော်ပြီးစီးမှု၊ ရေစက်ရံဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အရည်အသွေးစစ်ဆေး

သုံးခုမြို့ မြို့ဈေးအတွင်း သြဂုတ် ၁၁ရက်က ကုန်စုံဆိုင်များတွင် အိုင်အိုဒင်းဆားများ အရည်အသွေးစစ်ဆေးမှုကို မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)



အမည်မှန်

စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ အနိမ့်ကျေးရွာနေ အဖ ဦးငွေအောင်၏သား မောင်ဇော်မြင့် ၅/ခဥတ(နိုင်)၀၅၆၂၃၄ ၏ အမည်မှန်မှာ မောင်ဇော်ဇော်မြင့် ဖြစ်ပါသည်။

မောင်ဇော်ဇော်မြင့်။

ဗုဒ္ဓံ ဓမ္မံ သံဃံ

သာသနာရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး(ငြိမ်း) ဦးမောင်မောင်မြင့် ဦးစီးသည့်

မိဂဒါဝုန် ဘုရားဖူးလုပ်ငန်းမှ

အိန္ဒိယ / နီပေါနိုင်ငံတို့ရှိ (သံဝေဇနိယ/အဝိဇဟိတလေးဌာန) သို့ ပို့ဆောင်ပေးနေပါပြီ။

၁။ (၇) ညအိပ် (၈) ရက်ခရီးစဉ် ၈ ဒသမ ၀ သိန်း ၂။ (၁၁) ညအိပ် (၁၂)ရက်ခရီးစဉ် ၈ ဒသမ ၅ သိန်း
၃။ (၁၄) ညအိပ် (၁၅) ရက်ခရီးစဉ် ၉ ဒသမ ၅ သိန်း

ဈေးနှုန်းချိုသာရမည်၊ စိတ်တိုင်းကျစေရမည်၊ ဒေသန္တရ၊ ဘာသန္တရဗဟုသုတရစေရမည်။ မိသားစုအလိုက်၊ အုပ်စုအလိုက် သီးခြားသွားလိုသူများအတွက် အထူးစီစဉ်ဆောင်ရွက်ပေးပါသည်။

၃၃ ဦးပါ ဘုရားဖူးအဖွဲ့တိုင်း မဲပေါက်သည့် ကံထူးရှင်တစ်ဦးအား အခမဲ့စေလွှတ်ပေးသည်။

ဆက်သွယ်ရန်-

အမှတ် ၁၃၇၊ အနော်ရထာလမ်းနှင့် ၄၈ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၂၉၆၄၈၇၊ ၂၉၆၉၄၆၊ ၂၉၄၁၉၉၊ ၂၉၀၈၀၂၊ ၀၉-၅၀-၀၃၂၂၃။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မျိုးဝင်းကျော်၏ နိုင်ငံကူးလက်မှတ်အမှတ်-၄၁၆၇၃၇ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁-၆၀၈၉၇။**

ဖခင်အမည်မှန်

မော်လမြိုင်မြို့နေ မောင်အောင်ဇင်လတ် ၁၀/မလမ(နိုင်)၂၃၅၇၈၇ ၏ ဖခင်အမည်မှန်မှာ ဦးဘာဘူလေး(ခ) ဦးထွန်းလွင် ၁၀/မလမ (နိုင်) ၀၃၃၆၆၇ ဖြစ်ပါကြောင်း။



(၁၄)နှစ်ပြည့် မွေးနေ့ဆုတောင်း

သမီးငယ် ကေခိုင်အောင်စိုး Grade-9 (B)၊ အထက(၂)စမ်းချောင်း၏ ၁၄-၈-၂၀၀၉ရက်တွင် ကျရောက်သည့် (၁၄)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍ ထူးချွန်ထက်မြက်၊ တတ်သိလိမ္မာသည့် သမီးကောင်းရတနာလေး ဖြစ်ပါစေ-

ဖေဖေ - ဒုတိယဗိုလ်မှူးကြီးအောင်စိုးလှိုင်
မေမေ - ဒေါ်ကေရွယ်ဂျား
မမ - အိမြတ်ကေခိုင်။

ကျေးဇူးဆပ်ပါမည်

ဦးအေးကြူ ၉/လဝန(နိုင်) ၁၁၁၃၁၉ ၏ နိုင်ငံကူးလက်မှတ်နံပါတ်မမှတ်မိ၊ ပုံစံ ၆၆/၆၊ မူရင်းတစ်ခု၊ မိတ္တူနှစ်ခု၊ အမြတ်ခွန်စာရွက်နှစ်ခု၊ မောင်လွင်မိုး ၉/လဝန(နိုင်)၁၅၃၇၄၇၏ မှတ်ပုံတင်တို့သည် ၁၂-၈-၂၀၀၉ရက် Taxi ကားပေါ်တွင် မေ့ကျန်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာသို့ ဆက်သွယ်အကြောင်းကြားပါရန်။

ဆက်သွယ်ရန်လိပ်စာ-

ဖုန်း -၂၀၁၁၅၉၊ ၀၉-၄၄-၄၉၅၆၃၂၊
၀၉-၅၂-၃၂၂၁၄၊ ၀၉-၅၀-၆၁၉၉၄။

အခွန်ပုံစံ(၁) ပျောက်ဆုံးခြင်း

ကျွန်တော်ဦးထွန်းထွန်း ၉/ဝတန(နိုင်)၁၂၂၅၇၆ ကိုင်ဆောင်သူ၏ ၈ဂ/၅၁၅၆ မော်တော်ယာဉ်၏ အခွန်ကျေပုံစံ(၁)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။ **ဖုန်း-၀၉-၅၀-၅၀၆၈၃။**

ရေစီးရေလာကောင်းမွန်ရေး ဝန်းသို၌ ဆောင်ရွက်

ဝန်းသို ဩဂုတ် ၁၃

ဝန်းသိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့မဈေးအတွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ဝန်ထမ်းများစုပေါင်း၍ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးကျော်မိုး ကြည့်ရှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဩဂုတ် ၁၃

ဩဂုတ် ၇ရက်က ဦးကျော်သက် (အင်ဂျင်နီယာမှူး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မော်လမြိုင်ကျွန်း ပြင်စလူစီမံကိန်း) သည် ကစားဖော်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးမောင်ပြုံး(ငြိမ်း)၊ဦးမြင့်ဦး (ခရိုင် အင်ဂျင်နီယာမှူး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၊ ဦးကြင်ထွန်း(အငယ်တန်းအင်ဂျင်နီယာ-၂ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း) တို့နှင့်အတူ ရွာဝတီ ဂေါက်ကလပ် (ပုသိမ်မြို့)၌ ဂေါက်ရိုက်ကစားစဉ် PRECEPT EV (02) ဂေါက်သီးကို KING SNAKE သံတုတ်နံပါတ်(၆)ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၆၀ရှိသော ကျင်းအမှတ် (၁) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ **(သတင်းစဉ်)**

တစ်ပတ်အတွင်း နိုင်ငံတကာ သဘာဝဘေးအန္တရာယ်သတင်း

ဩဂုတ် ၆ ရက်မှ ၁၂ ရက်အထိ

ဩဂုတ် ၆ - ဩစတြေးလျှနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသတွင် ရစ်ချိတာစကေး ၆အဆင့်ရှိသော ငလျင်လှုပ်သွားသဖြင့် ဂမ်ဘိုင်ယာအရပ်၌ နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း၊ ဩစတြေးလျှအရာရှိများက ပြောကြားသည်။
- နီပေါနိုင်ငံ ခတ္တမန္တူမြို့အနီး ကျေးရွာတစ်ရွာ၌ မိုးကြိုးပစ်ခံရမှုကြောင့် ရွာသားသုံးဦး သေဆုံးသွားကြောင်း ခတ္တမန္တူမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

ဩဂုတ် ၇ - ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ဘာဂီရိုမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားရာ နေအိမ်သုံးလုံး ပျက်စီးက သုံးဦးသေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။ **(အေပေါ်ပုံ)**

ဩဂုတ် ၈ - **အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတာရာခန့် ပြည်နယ်တွင် မိုးသည်းထန်စွာရွာပြီး မြေပြိုမှု ဖြစ်ပွားရာ ၄၇ဦးသေဆုံး၍ ဒေသခံအချို့ ၁ထပ်ရာရှိခဲ့ပြီး နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း အိန္ဒိယနိုင်ငံမှ အရာရှိများက ပြောကြားသည်။** (ယာပုံ)

ဩဂုတ် ၉ - မဏ္ဍိုဆီကိုနိုင်ငံ မဏ္ဍိုဆီကိုပင်လယ်ကျွေ့၌ တစ်နာရီလျှင် မိုင် ၉၀နှုန်း မုန်တိုင်းတိုက်ခတ်သွားရာ ပင်လယ်ပြင်၌ အမြင့် ၁၀မေတာလည်း ရေလှိုင်းများ ဖြစ်ပေါ်ခဲ့ပြီး ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၀ - တရုတ်နိုင်ငံအရှေ့ပိုင်း ချိုကျင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသေသည့် အင်အားပြင်းလျင်လှုပ်ရာ နှစ်ဦးသေဆုံးပြီး အိမ်ခြေ ၁၇,၃ လုံး ပျက်စီးသည်။ ယင်းငလျင်သည် အဆိုပါဒေသ ယူကျင်ရွာရှိ မြေအောက် ၁၁ကီလိုမီတာ အတွင်းကို ဇဟိုပြုလှုပ်သွားခဲ့ကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့က ပြောကြားသည်။
- ဂျပန်နိုင်ငံအရှေ့ပိုင်း အိုယားမားမြို့၌ ဩဂုတ် ၁၀ရက်က လေပြင်းမုန်တိုင်းတိုက်ခတ်ရာ မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြို၍ ရေလွမ်းမှုများဖြစ်ပေါ်ခဲ့ရာ ၁၃ဦးသေဆုံးပြီး ၁၀ ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ယင်းဖြစ်ပွားသည့် ၂၄ နာရီအတွင်း မိုးရေချိန် ၃၂၆သေမ ၅မီလီမီတာအထိရှိပြီး အိမ်ခြေ ၃၉၀နှင့် ရေလွမ်းကာ ဒေသခံ ပြည်သူ ၂၂၉၀ ခေါင်းလွတ်ရာသို့ ရွှေ့ပြောင်းရကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ဩဂုတ် ၁၁ - တရုတ်(တိုင်ပေ)ဒေသသို့ မိုရာကေမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ နေအိမ်များပျက်စီးပြီး အနည်းဆုံး ၆၂ဦး သေဆုံးပြီး ၅၇ဦးမှာ ပျောက်ဆုံးလျက်ရှိသည်။ ထို့ပြင် မုန်တိုင်းဒဏ်ခံစားရသူများအတွက် စေလွှတ်ခဲ့သည့် ကယ်ဆယ်ရေးအဖွဲ့ဝင် သုံးဦးလိုက်ပါလာသည့် ရဟတ်ယာဉ်တစ်စင်းမှာလည်း ပျက်ကျသွားခဲ့သည်။ ယင်းမုန်တိုင်းကြောင်း နိုက်ပျံရေးနှင့် ရေကြောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၌ အမေရိကန်ဒေါ်လာ ၂၀၉သန်းကျော် ဆုံးရှုံးခဲ့ရပြီး ၁၀စုနှစ်ငါးစုတာ ကာလအတွင်း တရုတ်(တိုင်ပေ)သို့ တိုက်ခတ်ခဲ့သော မုန်တိုင်းများအနက် အပြင်းထန်ဆုံး မုန်တိုင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဩဂုတ် ၁၂ - **အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်တာမာရီယာမြို့အနီးရှိ အမျိုးသားသမဝေါတာအတွင်း တောမီးလောင်ကျွမ်းလျက်ရှိရာ ဒေသခံများအား သေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ရန် အာဏာပိုင်များက မှိန်းဆော်ထားသည်။ မီးသတ်ရဟတ်ယာဉ် ၁၂ စင်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၀၀၀ ကျော်မှာ မီးငြိမ်းသတ်ရေးလုပ်ငန်းများ အမှုတမြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။** (အင်တာနက်)

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

သားပျောက်ရှာပုံတော်ခရီးမှ လွမ်းမျက်ရည်

နိုင်ငံတကာမှခင်း

အမေရိကန်နိုင်ငံ အိုင်ဒါဟိုဖြို့တွင် ချာလီမန်ဝေနှင့် ကေသီတို့မိသားစုလေးသည် အေးအတူပူအေး နေထိုင်လာခဲ့ကြသည်။ သူတို့သည် လွန်ခဲ့သော ၁၀နှစ်က အိမ်ထောင်ကျခဲ့ကြသည်။ အိမ်ထောင်ကျခါစက ဇနီးမောင်နှံဖြစ်သော ချာလီမန်ဝေနှင့် ကေသီတို့ တစ်ဦးကိုတစ်ဦး အချစ်ကြီးချစ်ခဲ့ကြသည်။ ဟန်းနီးမွန်းခရီးတွေလည်း နေရာအနှံ့ သွားလာခဲ့ကြသည်။ ထိုအချိန်က သူတို့ ကြင်စဦးဇနီးမောင်နှံတို့အတွက် ပျော်ရွှင်စရာ ရွှေရောင်နေ့ရက်များ ဖြစ်ခဲ့သည်။

ပျော်ရွှင်စွာနေထိုင်

ဤသို့ဖြင့် သူတို့ဇနီးမောင်နှံသည် ပျော်ရွှင်စွာနေထိုင်လာခဲ့ရာမှ သားဦးရတနာ ထွန်းကားလေသည်။ ချာလီမန်ဝေနှင့် ကေသီတို့ဇနီးမောင်နှံသည် သားဦးရတနာအား အလွန်ချစ်ရှာကြသည်။ သားတို့ရပ်ရည် သီတာရကြေည် တစ်ပေါက်လေး ကျရုံမျှဖြင့် မိဘတို့ဝမ်း ပြိုဆဲစတမ်းဆိုသည့် စကားလို သားသာလျှင် သူတို့ဘဝ ခေးပြေခဲ့သည်။

သားဇာတိနာမည်ကိုကော ရောဘာတ်မန်ဝေဟု အမည်ပေးထားသည်။ ရောဘာတ်လေးသည် တတိယတန်းတွင် ပညာသင်ကြားနေခဲ့၏။ သူသည် ကျောင်းတွင် စာတော်သည့် ကျောင်းသားလည်းဖြစ်သည်။ စာတော်သည့် ကျောင်းသားဖြစ်ခြင်းကြောင့် ကျောင်းတွင် ဆရာမများနှင့် သူငယ်ချင်းများက ချစ်ခင်ကြသည်။

ကြမ္မာလေမွေ

သို့သော် ချာလီမန်ဝေတို့မိသားစုလေး၏ ပျော်ရွှင်စရာ နေ့ရက်များသည်ကား ဓကြာခဲပါ။ လင်မယားချင်းစကားများ ခဲ့ရာမှ ချာလီမန်ဝေသည် အိမ်မှထွက်သွားခဲ့သည်။ ကေသီနှင့် သားဖြစ်သူ ရောဘာတ်တို့သာ ကျန်ရစ်ခဲ့သည်။ ထိုစဉ်က သားလေး ရောဘာတ်မန်ဝေသည် အသက်ရှစ်နှစ်အရွယ်ပင် ရှိနေဖြီ ဖြစ်သည်။ သူတို့သားအမိ၏ဘဝသည်လည်း မေးအေးချမ်းခဲ့ပေ။ ကြမ္မာလေမွေရိုင်းကြောင့် ရိုင်းလေပြီ။

ပျောက်ဆုံးသွားခဲ့

တစ်နေ့သောအခါ ရောဘာတ်လေးသည် နေအိမ်မှ မမျှော်လင့်ဘဲ ပျောက်ဆုံးသွားခဲ့သည်။ မိခင်ဖြစ်သူ ကေသီသည် နီးစပ်ရာ ရဲစခန်းများကို အကြောင်းကြားပြီး အိုင်ဒါဟိုဖြို့အနှံ့ ရှာပုံတော်ဖွင့်ခဲ့သည်။ သေသောသူကြာရင်မေ့၊ ပျောက်သောသူရှာရင်တွေ့ ဆိုသည့် ဆိုရိုးစကားအတိုင်း မိခင်ဖြစ်သူ ကေသီသည် မြို့တကာ၊ နယ်တကာ ရှာခဲ့သည်။ သို့သော် သားဖြစ်သူကား ရှာမတွေ့ပြီ။

သောကမီးဖိစီး

ကေသီအနေဖြင့် လင်ဖြစ်သူကပစ်၍ သားကို ချစ်ရှာပါသော်လည်း သားကမတွေ့ပြီ။ သူ့အတွက် သောကမီးဖိစီးလေသည်။ တစ်ဦးတည်းသောသား ပျောက်ဆုံးလေသောကြောင့် ယူကျုံးမရ အမူလုံးကြွခဲ့ရသည်။ ဤသည်ကား မိခင်သောက ပေတည်း။

ကေသီသည် သားဖြစ်သူ တစ်နေပေါ်လာမိုးနှင့် မျှော်လင့်နေခဲ့သည်။ သားအတွက် လွမ်းဆွေးရသော နေ့ရက်များကား လက်ရေချိုး၍ မမှိန်တော့ပေ။ ဤသို့ဖြင့် ရက်တွေသာကြာညောင်းခဲ့သည်။ သားဖြစ်သူကား ပေါ်မလာ။

ဆက်လက်စုံစမ်း

ကေသီသည် သားဖြစ်သူရောဘာတ်အား တွေ့တော့တွေ့ခဲ့ရပါပြီ။ သို့သော် ရောဘာတ်ကို အသက်ရှင်လျက်တွေ့ခြင်းမဟုတ်။ အိုင်ဒါဟို တူးခြောင်းထဲမှာဖြစ်သည်။ ထိုတူးခြောင်းအတွင်း မောက်တာဆာ ပြတ်ကျခြင်းတော့ မဖြစ်နိုင်ကြောင်း၊ လူတစ်စုံဦးက သတ်ပြီးပစ်ချထားခြင်းဖြစ်နိုင်ကြောင်း ဒေသဆိုင်ရာရဲများက ကောက်ချက်ချသည်။ သို့သော် ရဲများအနေဖြင့် တရားခံမည်သူမည်ဝါဖြစ်လိမ့်မည်ဆိုသည်ကို ဆက်လက်စုံစမ်းနေဆဲ ဖြစ်သည်ဟု ဆိုသည်။

ပျောက်သွားခဲ့

ထိုကလေးအား ဖြားယောင်းသွေးဆောင် ခေါ်ယူသွားသည့် အထောက်အထားများကိုလည်း မတွေ့ရကြောင်း၊ ၄င်းသည် ယခုနှစ် ဇူလိုင် ၂၄ရက်က နေအိမ်မှရုတ်တရက်ပျောက်သွားခဲ့ခြင်းဖြစ်ကြောင်း၊ ဖခင်ဖြစ်သူချာလီမန်ဝေသည် ၂၀၀ခုနှစ်ကတည်းက နယူးယလိုင်းမောက်သို့ ရောက်ရှိနေခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့၏ ပြောကြားချက်အရသိရသည်။

မည်သို့ပင်ဖြစ်စေကာမူ ကေသီသည် သားဖြစ်သူ၏ အလောင်းကောင်းတွင် ယူကျုံးမရိုင်ကြေးလေတော့၏။ သို့သော် သားဖြစ်သူရောဘာတ်သည် မိခင်ဖြစ်သူအား နောက်ဆုံးနူတ်ဆက်သွားခဲ့လေပြီ။

အပြန်အလှန်နားလည်

ဤဖြစ်ရပ်မှန် မှခင်းကိုလေလာဖတ်ရှုခြင်းဖြင့် မိဘတို့သည် သားသမီးအပေါ် မေတ္တာထားလျက် မည်သို့ပင်အခက်အခဲ ရှိစေကာမူ တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်နားလည်မှုထားရှိကာ ရာသက်ပန် ပေါင်းသင်းနေထိုင်သွားသင့်ကြောင်း၊ စိတ်လိုက်မာန်ပါ မပြုမူသင့်ကြောင်း၊ ဘဝအသီ သင်ခန်းစာကို ရယူနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုးကား-အင်တာနက်

မြင့်မောင်စိုး
ကိုးကားတင်ပြသည်။

မိဘတို့သည် သားသမီးအပေါ် မေတ္တာထားလျက် မည်သို့ပင် အခက်အခဲ ရှိစေကာမူ တစ်ဦးအပေါ် တစ်ဦး အပြန်အလှန် နားလည်မှုထားရှိကာ ရာသက်ပန် ပေါင်းသင်း နေထိုင်သွားသင့်ကြောင်း။ စိတ်လိုက်မာန်ပါ မပြုမူသင့်ကြောင်း။

ဘဝအမောပြေ

ဒါကြောင့်ပါ ....

ရုရှားနိုင်ငံ မော်စကိုမြို့၌ ဆိုင်ကယ်ကိုအရှိန်ပြင်းစွာ မောင်းနှင်လာသူတစ်ဦးအား ယာဉ်ထိန်းတပ်ဖွဲ့ဝင်တစ်ဦးက ရပ်ခိုင်းပြီး အောက်ပါအတိုင်း မေးမြန်းလေသည်-

ယာဉ်ထိန်းရဲ။ ။ ဆိုင်ကယ်မောင်းတာ ကြမ်းလှ ချည်လား။
မောင်းသူ ။ ။ အရေးကြီးလို့ပါဗျာ။
ယာဉ်ထိန်းရဲ။ ။ ဘယ်လောက်အရေးကြီးကြီး အဲဒီလောက် မောင်းနှင်ရဘူးဆိုတာ မသိဘူးလား။
မောင်းသူ ။ ။ သိပါတယ်။ ဒါပေမယ့် အလေ့အကျင့် ဖြစ်နေလို့ အမြန်မောင်းမိတာပါ။
ယာဉ်ထိန်းရဲ။ ။ အခုမောင်းနေတာ ဆိုင်ကယ်နော်၊ လေယာဉ်ပျံမောင်းနေတဲ့ လေယာဉ်မှူးလို့ မထင်နဲ့ဦး။
မောင်းသူ ။ ။ ကျွန်တော်က အာကာသယာဉ်မှူးလေဗျာ။
ယာဉ်ထိန်းရဲ။ ။ 'ဗျာ'

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံပိုင်သိမ်းဆည်းထားသောပစ္စည်းများစီမံခန့်ခွဲမှုကော်မတီ အဆိုပြုလွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံပိုင်သိမ်းဆည်းထားသောပစ္စည်းများ စီမံခန့် ခွဲမှုကော်မတီမှ မြေနှင့်အဆောက်အအုံ (၃၈)ခုကို ရောင်းချမည်ဖြစ်ပါသည်-

၂။ အဆိုပြုလွှာစည်းကမ်းနှင့်လျှောက်လွှာပုံစံ - ၁-၉-၂၀၀၉ ရက်မှစ၍ ၂၉-၉-၂၀၀၉ ရက်နေ့အထိ မုံးဆိုနိ်အတွင်း

ရောင်းချမည့်နေရာကိန်းနှင့်နေရာ (၁) နိုင်ငံပိုင် သိမ်းဆည်းထားသောပစ္စည်းများ စီမံခန့်ခွဲမှုကော်မတီ၊ မုံးအမှတ် (၃၂) နေပြည်တော်။
(၂) အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာန၊ အမှတ် (၁၁၄)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ရန်ကုန်မြို့။

၃။ အဆိုပြုလွှာတင်သွင်းရမည့်နေရာ - နိုင်ငံပိုင်သိမ်းဆည်းထားသောပစ္စည်းများ စီမံခန့်ခွဲမှုကော်မတီ၊ မုံးအမှတ် (၃၂)၊ နေပြည်တော်။

၄။ အဆိုပြုလွှာတင်သွင်းရမည့် နေ့ရက်နှင့်အချိန် - ၃၀-၉-၂၀၀၉ ရက် ဧည့်၀ေ နာရီမှ ၁၆၊၀၀ နာရီအထိ

၅။ အသေစိတ်သိမ်းပိုလိုပါက တယ်လီဖုန်းအမှတ် -၀၆-၃၀၆၃၃၉ သို့ ဆက်သွယ်မေးမြန်းခဲ့စမ်းနိုင်ပါသည်။

နိုင်ငံပိုင်သိမ်းဆည်းထားသောပစ္စည်းများ စီမံခန့်ခွဲမှုကော်မတီ
မုံးအမှတ် (၃၂)၊ နေပြည်တော်

ရောင်းချမည့်မြေနှင့် အဆောက်အအုံ(၃၈)ခုစာရင်း

စဉ်	မြေနှင့်အဆောက်အအုံ	မြေအကျယ်အဝန်း
၁	၂	၃
၁	ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်ရထားနာမှန်အိမ်ရာ၊ (၁၂)ရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၆၂/၆၃/၆၅)ရှိ မြေနှင့်(၂)ထပ်တိုက်	၁၄၀×၈၀
၂	ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်ကျိုက်ပိုင်းဘုရားလမ်း၊အမှတ်(၆၅)ရှိ မြေနှင့်(၂)ထပ်တိုက်	၈၀×၈၀
၃	ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊မင်းမမှ(၆)လမ်း(၃)ရပ်ကွက်၊ မြိတ်အမှတ်၊ (လေ၃-၄)ရှိမြေနှင့် (၂)ထပ်တိုက်	၂၂၀×၂၈၀
၄	ရန်ကုန်မြို့၊သယံနီးကျွန်းမြို့နယ်၊ သုဝဏ္ဏာစရည်းပင်လမ်း၊ အမှတ်(၂၄၂)ရှိ (၁)ထပ်ခွဲတိုက်	၆၉×၈၅
၅	ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ဌေးကြာယံပါရမီရပ်ကွက် ကန်သာယာလမ်းသွယ်(၂)အမှတ်(၃)ရှိ မြေနှင့်(၂)ထပ်တိုက်	၆၀×၉၀
၆	ရန်ကုန်မြို့၊ သယံနီးကျွန်းမြို့နယ်၊ ပေါက်တောတိုးချဲ့ရပ်ကွက်၊ဘုရင်နောင် (၃)လမ်း၊ အမှတ်(၃၃)ရှိ မြေနှင့်(၂)ထပ်တိုက်	၄၀×၆၀'
၇	ရန်ကုန်မြို့၊မစံလှိုင်မြို့နယ်၊အမှတ်(၅၈၅၅/၅၈၅၆)ပုလဲ(၃)ရပ်ကွက်၊ ဒိုင်ဝေခင်(၃)လမ်းရှိမြေနှင့်(၂)ထပ်တိုက်	၁၂၀×၁၀'
၈	လည်းကုန်းမြို့နယ်၊ ရံမွန်တပ်မြို့ကြာကန်လမ်းသစ်၌(၁)ထပ်တိုက်	(၁၁. ၃၆)စေတ
၁၀	ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၂၄)၊ မင်းလမ်းရှိ (၁)ထပ်ခွဲတိုက်	၆၀×၆၀'
၁၀	ရန်ကုန်မြို့၊ရွှေပြည်သာမြို့နယ်၊မြေကွက်အမှတ်(၂၉/၂၅၃)ရှိ မြေနှင့်တိုက်	၆၀×၆၀'
၁၂	ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊အမှတ်(၂၉/၃၀၉)ရှိ မြေနှင့် (၂) ထပ်တိုက်	၆၀×၆၀'
၁၃	ရန်ကုန်မြို့၊ရွှေပြည်သာမြို့နယ်၊အကွက်အမှတ်(ယခ)(၂၉/၂၅၆) မြေနှင့် (၂)ထပ်ဝိုလေါင်း	၆၀×၆၀'
၁၄	ရန်ကုန်မြို့၊ရွှေပြည်သာမြို့နယ်(၁၅)ရပ်ကွက်၊အမှတ်(၂၃၆)ရှိ မြေနှင့်အိမ်	၄၀×၆၀'
၁၅	ရန်ကုန်မြို့၊မစံလှိုင်မြို့နယ်၊စက်မှုနန်ရှေမြို့တော်ဧစေတီလမ်း၊ အမှတ်(၂၄)ရှိ ဝိုလေါင်း	၂၀၀×၄၀၀
၁၆	ရန်ကုန်မြို့၊အမှတ်(၁၇၂ဘီ)မေဃလမ်း၊ မရမ်းကုန်းရှိ မြေနှင့် အဆောက်အအုံ	(၀. ၀၁)စေတ
၁၇	ရန်ကုန်မြို့၊အမှတ်(၄၈၁) ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်၊ ကမာရွတ်ရှိ မြေနှင့်အဆောက်အအုံ	(၀. ၀၂၄)စေတ
၁၈	ရန်ကုန်မြို့၊အမှတ်(၁၀၆)ပြည်လမ်းနှင့် စမိုင်းမရမ်းကုန်း (Health & Beauty Saloon)	(၂. ၀၃၄)စေတ
၁၉	ရန်ကုန်မြို့၊အမှတ်(၁၀၂ ၁၀၄)လမ်းဆိုးတန်းလမ်း၊ ကျောက်တံတား (Universal Bank)	၅၀×၆၀'
၂၀	ရန်ကုန်မြို့၊အမှတ်(၁၉၈)အောက်မင်ဂလာဒုံလမ်း၊အင်းစိန်ရွာမ၊ အင်းစိန် မြေနှင့် (၁)ထပ်တိုက်	၈၀×၆၀'
၂၁	ရန်ကုန်မြို့၊ အမှတ်(၂၇၅-က)ပြည်လမ်း၊ စမ်းချောင်းရှိမြေနှင့်အဆောက်အအုံ	၅၀'×၆၀'
၂၂	ရန်ကုန်မြို့၊ အမှတ်(၉)၊ လှိုင်မြစ်လမ်း၊ ကွတ်သစ်ရပ်ကွက်၊ အင်းစိန်ရှိ မြေနှင့် အဆောက်အအုံ	၂၀၀'×၂၅၀'

စဉ်	မြေနှင့်အဆောက်အအုံ	မြေအကျယ်အဝန်း
၁	၂	၃
၂၃	မအူပင်မြို့နယ်၊ မီးသွေးချောင်းတံတားရှိ ငါးကန် ၈က ၅၀နှင့် သိုလှောင်ရုံ	(၅၀)စေတ
၂၄	ပဲခူးမြို့၊ ထန်းပင်ချောင်းအုပ်စု၊ ကွင်းအမှတ်(၁၀၇၁-ခ) ရှိ ဦးပိုင်အမှတ်(၁၅)(၄/၂)မြေကွက်ပေါ်ရှိ (၁)ထပ်တိုက်	(၂၅)စေတ
၂၅	မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊အမှတ်(၀-၉)ရှိ မြေနှင့်(၂)ထပ်တိုက်	(၀. ၄၄၁)စေတ
၂၆	မန္တလေးမြို့၊ (၆၄)လမ်းနှင့် ၄၀၀လမ်းထောင့်အကွက်အမှတ်(တ-၁) ရှိမြေနှင့်(၁)ထပ်ခွဲတိုက်	၁၀၀'×၁၀၀'
၂၇	မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၉ လမ်း(၃၄×၃၅)ကြားရှိ မြေနှင့်(၂)ထပ်ခွဲတိုက်	(၀. ၀၃၁)စေတ
၂၈	မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ လမ်းသွယ်(၈) အကွက်(ဃ-၂)ရှိ မြေနှင့်ဝိုလေါင်	(၀. ၁၆၅)စေတ
၂၉	မန္တလေးမြို့၊ အမှတ်(၂၅၉)၊ ပြည်ကြီးဈေးတွင်းအနောက်၊ ချမ်းအေးသာစံ၊မန္တလေးရှိ မြေနှင့်အဆောက်အအုံ	(၀. ၉၇၈)စေတ
၃၀	တောင်တွင်းကြီးမြို့၊ အတွင်းစည်းခုံလမ်း၊ ဦးပိုင်(၃၁၈)ရှိ မြေနှင့် အဆောက်အအုံ	၄၀'×၆၀'
၃၁	ပြင်ဦးလွင်မြို့၊ ရပ်ကွက်(၅)၊ အမှတ်(၃၁-စီ)ရှိ မြေနှင့် (၁)ထပ်ခွဲတိုက်	(၁. ၆)စေတ
၃၂	မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၇)ရှိ တိုက်	၁၃'×၄၀'
၃၃	မော်လမြိုင်မြို့၊ အာရှလမ်းမကြီး၊ အမှတ်(၂၁၈)ရှိ မြေနှင့်(၁)ထပ်တိုက်	၆၀'×၈၀'
၃၄	ဦးပိုင် (၁၀၆၅)ကန်ရေကျေးရွာ၊ မင်းဘူးရှိအဆောက်အအုံ	(၀. ၀၄)စေတ
၃၅	အမှတ်(၁၊ ၂၀၂)၊ ၁၃လမ်း၊ ဆန်ဆိုင်း(က)ရပ်၊ တာချီလိတ်ရှိ အဆောက်အအုံ	(၀. ၄၈၉)စေတ
၃၆	အမှတ်(၁၊ ၂၀၃)၊ ၁၃လမ်း၊ ဆန်ဆိုင်း(က)ရပ်၊ တာချီလိတ်ရှိ အဆောက်အအုံ	(၀. ၁၁၂)စေတ
၃၇	အမှတ်(၁၊ ၁၅၅)၊ ဗိုလ်ချုပ်လမ်း၊ ဆန်ဆိုင်း(က)ရပ်၊ တာချီလိတ်ရှိ အဆောက်အအုံ	(၀. ၁၂၄)စေတ
၃၈	အမှတ် (၁၊ ၁၆၉) (က)၊ ဗိုလ်ချုပ်လမ်း၊ ဆန်ဆိုင်း(က)ရပ်၊ တာချီလိတ်ရှိ အဆောက်အအုံ	(၀. ၀၃၂)စေတ

စဉ်ကူး ထွေ/အုပ်ဝန်ထမ်း သားသမီးများအား ဂုဏ်ပြုချီးမြှင့်

စဉ်ကူး သြဂုတ် ၁၂

ပြင်ဦးလွင်ခရိုင် စဉ်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ၂၀၀၉ ခုနှစ် ဘဏ္ဍာသိုလ်ဝင်တန်း စာမေးပွဲတွင် ဆောင်ရြက်ကြသောမြို့နယ်ထွေ/အုပ်ချုပ်သူ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇူလိုင် ၁၄ရက် နံနက် ၁၀ နာရီက အဆိုပါ ဦးစီးဌာနအည်းအလေးနန်းမဋ္ဌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူက ဂုဏ်ပြုအမှာစကား ပြောကြားပြီး ခြောက်ဘာသာဂုဏ်ထူးရ မောင်စိုင်းကော်ဆေးအား ဂုဏ်ပြုဆုငွေကျပ် ၇၀၀၀၀ နှင့် (ဝဲပုံ)မောင်ကျော်သက်ထွေး၊ မောင်စိုင်းဝဏ္ဍာဘုန်းဦးနှင့် မကေသရီအောင် တို့အား ဂုဏ်ပြု ဆုငွေကျပ် ၁၀၀၀၀စီ ချီးမြှင့်ပေးခဲ့သည်။(မြို့နယ် ပြန်/ဆက်)

ခြင်ဆေးပျန်း

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာ ရေးအဖွဲ့အမှုဆောင်အရာရှိကြီးကြပ်မှုဖြင့် အဖွဲ့ပိုင် မြို့မရေးတွင် ဇူလိုင် ၂၅ရက်က ရေးဆိုင်ခန်းများ၊ သားသတ်ရုံများ၊ ရေချိုးခန်း၊ အိမ်သာများ၊ မြို့ပေါ်ရင်းဂွက်များနှင့် မြို့ပေါ်ရိုရေလာနန်းကျောင်းများ၌ အဖွဲ့ပိုင် ခြင်ဆေးဖျန်း စက်ဖြင့် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်စဉ်။
(မြို့နယ် ပြန်/ဆက်)

တံတားဆောက်လုပ်

ချောင်းဆုံမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့မှတည်ဆောက်သည့် မုရစ်ကလေး-ဆယ်ပလာလမ်းပေါ်ရှိ ချောင်းကူးတံတား အမှတ် (၅)ဆောက်လုပ်ခြင်း လုပ်ငန်းကို သြဂုတ် ၁ရက်က မြို့နယ် ဥက္ကဋ္ဌဦးခင်ဆောင်မြင့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲဝင်းနှင့် တာဝန်နိမ့်အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြခဲ့ဘူး။ (မြို့နယ်စည်ပင်)

အမြို့.မြို့. အနယ်နယ် သတင်းများ

တန့်ဆည်မြို့.နယ်၌ အလကကျောင်းခွဲဖွင့်

တန့်ဆည် သြဂုတ် ၁၂

တန့်ဆည်မြို့နယ် ပုတီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်ပွဲကို သြဂုတ် ၁ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးသိန်းဇော်ဝင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာဝင်းနှင့် ကျောင်းအကျိုးတော်ဆောင် ဦးလှရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခွန်စိုးလွင်က အဖွင့်အမှာစကားပြောကြားကာ မြို့နယ်ပညာရေးမှူးက ပညာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

သန့်ရှင်းသောသောက်သုံးရေ ရရှိရေးဆောင်ရွက်

ကျီခါး သြဂုတ် ၁၂

ချင်းပြည်နယ် ကျီခါးမြို့ စည်ပင် သာယာရေးအဖွဲ့ သန့်ရှင်းသောသောက်သုံး ရေ ရရှိရေး၊ ရေပြတ်တောက်မှု မရှိစေ ရေးတို့အတွက် ပင်ရင်းရေမစီးကန် သန့် ရှင်းရေး၊ ရေပိုက်ကြွိုခိုင်မှု ရှိစေရေးတို့ကို အငယ်တန်းအင်ဂျင်နီယာနှင့် ဝန်ထမ်းများက သြဂုတ် ၅ရက်က ဆောင်ရွက်လျက် ရှိရာ မြို့တာဝန်ခံ ဦးနန်ဒိုးဆွမ်းမန် ကြီးကြပ်ပေးကြောင်း သိရသည်။
(မြို့နယ် ပြန်/ဆက်)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ကွင်းလမ်းများ အစဉ်ကောင်းမွန် စေရေး ဆောင်ရွက်လျက်ရှိရာသြဂုတ် ၅ရက်က ဗိုလ်ချုပ်နေဝင်းလမ်း ဆေးရုံအောက်ဘွေ့ တွင် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းဇော်ထွန်းဆောင်ရွက်ရာသို့ အင်ဂျင်နီယာမှူး ဦးမြင့်မိုး ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်တံခါးမြို့နယ်၌ ကတ္တရာထပ်ပိုးလျှာခင်း

ကျောက်တံခါး သြဂုတ် ၁၂

ကျောက်တံခါးမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် အတွင်းဆောင်ရွက်မည့် ကျောက်တံခါးမြို့၊ ဗိုလ်ချုပ်လမ်းကတ္တရာထပ်ပိုးလျှာခင်းခြင်း လုပ်ငန်းအတွက် လိုအပ်မည့် ကျောက်များ စုဆောင်းတားဖြူးမှုကို ဇူလိုင် ၃၀ ရက်က အမှုဆောင်အရာရှိ ဦးလွန်းတင် ကွင်းဆင်း ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရ သည်။ (မြို့နယ်စည်ပင်)

မအူပင်ခရိုင်နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ရွှံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့်မြို့နယ်စည်ပင်အမှုဆောင် အရာရှိ ဦးသန်းအေဦးဆောင်၍ မြို့ပေါ် (၁၂)ရပ်ကွက်တွင် သွေးလွန်ကုဝေ်ကွေး ကာကွယ်ရေးအတွက် စာသင်ကျောင်း၊ လူနေအိမ်၊ ရေတွင်းရေကန်နှင့်ရေစြေင်း များအတွင်းသို့ အတိတ်ဆေးဆက်ခြင်းနှင့် ဖျန်းခြင်းလုပ်ငန်းကို သြဂုတ် ၁ ရက်က ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ✻ VOA, BBC - ရန်တိုက်ပေးနေသည်။
- ✻ RFA, DVB - သွေးထိုးနေသည်။
- ✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
- ✻ နားမယောင်လေနဲ့ သတိထား။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေဈိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ နိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဓာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရောဝတီတိုင်း ပုသိမ်မြို့ရှိ ကန်သုံးဆင့် ပန်းဥယျာဉ်အတွင်း ရောင်စုံပန်းပင်များ ဤသို့ လှပစွာ ဖူးပွင့်နေကြသည်။ ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း(လမ်းမတော်)

ရွှေကျင်မြစ်ရေ သတိပေးချက်

နေပြည်တော် သြဂုတ် ၁၃

ရွှေကျင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက် အရ ရွှေကျင်မြို့၌ ၇၅၄ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ် အထက် ၅၄ စင်တီမီတာ (နှစ်ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၀၀ အထက်တွင် ဆက်လက်တည်ရှိနိုင် ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုသိမ်မြို့ ကျက်သရေတင့်စေသည့် ကန်သုံးဆင့်ပန်းဥယျာဉ်

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း(လမ်းမတော်)
စာမျက်နှာဖွဲ့စည်းမှု - ဇင်မင်းသန့် (မြန်မာ့အသံ)

ပုသိမ် သြဂုတ် ၁၃

သဘာဝကျေးငှက်သာရကာတို့ ပျော်ရွှင်ကျက်စားရာ ကန်သုံးဆင့်၊ ပုသိမ်မြို့၏ အလှပဆုံးအပန်းဖြေစရာ ကန်သာယာပန်းဥယျာဉ်။ ဧရာဝတီတိုင်း၏ မြို့တော် ပုသိမ်ဂုဏ်ကျက်သရေကို တင့်တယ်စေခဲ့ပေပြီ....။ *စာမျက်နှာ ၁၀ ကော်လံ ၁* ●